
# ပိဋကသုံးပုံ ပါဠိတော် မြန်မာပြန်

## စာမေးပွဲ မေးခွန်းနှင့်စံပြအဖြေများ



🌻📖အုပ်စု(၁).ဝိနည်း ငါးကျမ်း📖🌻

☸💐၁။ပါရာဇိကဏ် ဘာသာ💐☸

✍စာချကထိက-အရှင်သီလဝံသာလင်္ကာရ(ရေစကြို) စုစည်းပူဇော်သည်✍

ဗဟန်း.မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ဓမ္မစေတမန်

# ရန်ကုန်တိုင်းဒေသကြီး
# ဓမ္မစေတမန်အဖွဲ့မှ ကြီးမှူးကျင်းပသော
# ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
# **အုပ်စု (၁) ဝိနယပိဋက**
# **ပါရာဇိကဏ် ပါဠိတော် မြန်မာပြန် မေးခွန်း**

၁၃၇၅-ခုနှစ်၊ နယုန်လဆန်း (၁၀) ရက်၊ (၁၈. ၆. ၂၀၁၃) အင်္ဂါနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●

၁။ ဝေဿဘူဘုရားရှင်၏ ဆုံးမဩဝါဒစကားရပ်ကို ပြည့်စုံစွာ ဖော်ပြ၍ သိက္ခာပုဒ် ပညတ်ခြင်း၏ အကြောင်းဖြစ်သော အာသဝဋ္ဌာနီယ (၄) ပါးကိုလည်း ဖော်ပြပါ။

၂။ အရှင်သုဒိန်၏ ဝေသာလီမြို့သို့ ပြန်သွားရခြင်းအကြောင်းနှင့် အပြစ်ကျူးလွန်ခြင်းကြောင့် အရှင်သုဒိန်၏ သန္တာန်၌ ဖြစ်ပေါ်လာသော ကုက္ကုစ္စ အတွေးဆိုးတို့ကိုလည်း ဖြေဆိုခဲ့ပါ။

၃။ အရှင်ဓနိယနှင့် ပတ်သက်၍ ဝေသာလီမြို့သား ဒါယကာ ဒါယိကာမတို့၏ ကဲ့ရဲ့သော စကားရပ်ကို ဖော်ပြ၍၊ ဂါမူပစာရော္ရ ရွာ၏ ဥပစာကိုလည်း ပိုင်းခြားပြခဲ့ပါ။

၄။ လူတို့၏ ကုသိုလ်ကမ္မပထတရား (၁၀)ပါးထက် လွန်မြတ်သော တရားသရုပ်ကို ဖော်ထုတ်၍၊ တပေါဒါမြစ်၏ သာယာဖွယ်ရာ ဂုဏ်သရုပ်ကို ထင်ရှားအောင် ဖော်ပြခဲ့ပါ။

၅။ ဘုရားရှင်လက်ထက်တော်၌ အတောင်းအရမ်းများသော ရဟန်းတော်များကို မြင်ပြီး လူတို့ဆက်ဆံသော အပြုအမူများကို ဖော်ပြ၍၊ ငယ်သောအရွယ်၌ပင် ရဟန္တာဖြစ်ခဲ့သော အရှင်ဒဗ္ဗ၏ ဂုဏ်သရုပ်တို့ကိုလည်း ရေတွက်ပြပါ။

၆။ အဿဇိပုနဗ္ဗသုကာတို့ ကစားခဲ့သော ကစားနည်း (၁၉) နည်းတို့တွင် ရှေ့ (၅)ခုကိုသာ အစဉ်မပြတ် ရေတွက်ပြ၍၊ ကီဋာဂိရိ ဇနပုဒ်နယ်သားတို့မြင်သော အဿဇိပုနဗ္ဗသုကာတို့၏ ဂုဏ်ပုဒ်တို့ကိုလည်း ဖော်ထုတ်ခဲ့ပါ။

၇။ နေ့အခါ၌ တံခါးပိတ်၍ အိပ်ရမည်ဟု မြတ်စွာဘုရား ခွင့်ပြုတော်မူသော အကြောင်းဝတ္ထုကို အကျဉ်းချုပ် ရေးခဲ့ပါ။

၈။ မြစ်ထဲ၌ ရေမနစ်ဘဲ ကုန်းပေါ်၌ ရေနစ်သော ရဟန်းလေး၏ ဘဝပျက်ခဲ့ရသော သံဝေဂဖြစ်ဖွယ် ဇာတ်လမ်းကို အနှစ်ချုပ် ရေးသားပြခဲ့ပါ။

၉။ အောက်ပါရဟန်းတို့အား သင့်ရောက်သော အာပတ်တို့ကို အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(က) မိမိဥစ္စာ အမှတ်ဖြင့် ရဟန်းတစ်ပါး၏ သင်းပိုင်ကို ဝတ်သောရဟန်း
(ခ) ငါဟာ သေရမှာ မကြောက်ပါဘူးဟု ပြောသောရဟန်း
(ဂ) သာမန် ပုထုဇဉ်ကတော့ သည်းခံနိုင်မှာ မဟုတ်ဘူးဟု ပြောသောရဟန်း

၁၀။ အောက်ပါရဟန်းတို့အား အာပတ်သင့် မသင့် ဆုံးဖြတ်ခဲ့ပါ။

(က) အိပ်မက်၌ မေထုန်မှီဝဲသော ရဟန်း
(ခ) ဘီလူးသရဲကို သတ်သောရဟန်း
(ဂ) မိမိဥစ္စာကို မိမိပြန်ခိုးသောရဟန်း
(ဃ) ကာမဝိတက်ကို ကြံ၍ သုက်လွှတ်သောရဟန်း
(င) ပဏ္ဍုပ်အားအောင်သွယ်ပေးသောရဟန်း။

တစ်ပုဒ်စွာလျှင် (၁၀) မှတ်စီ

ရန်ကုန်တိုင်းဒေသကြီး
ဓမ္မစေတမန်အဖွဲ့မှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
**အုပ်စု (၁) ဝိနယပိဋက**
**ပါရာဇိကဏ် ပါဠိတော် မြန်မာပြန် အဖြေမှန်**

ဓေါက်တာခင်ခင်ရီ
ပရိယတ္တိဗောင်ဒေးရှင်း

ဓမ္မစေတမန်

၁၃၇၅-ခုနှစ်၊ နယုန်လဆန်း (၁၀) ရက်၊ (၁၈. ၆. ၂၀၁၃) အင်္ဂါနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

၁။ **ဝေဿဘူဘုရားရှင်၏ ဩဝါဒစကား**

ဤသို့ ကြံကုန်လော့၊ ဤသို့ မကြံကုန်လင့်၊ ဤသို့နှလုံးသွင်းကုန်လော့၊ ဤသို့ နှလုံးမသွင်းကုန်လင့်၊ ဤတရားကို ပယ်ကုန်လော့၊ ဤတရားသို့ ရောက်၍ နေထိုင်ကုန်လော့ဟု ဩဝါဒပေးတော်မူပါသည်။ (မြန်နှာ၊၁၁။)(၂-မှတ်)

**အာသဝဋ္ဌာနီယ (၄) ပါး**

၁။ သံဃာသည် ညဥ့်အများကို သိသော (ဝါရင့်သည့်) ရဟန်း များပြားသည်၏ အဖြစ်သို့ ရောက်ခြင်း။ (၂-မှတ်)

၂။ သံဃာသည် ပြန့်ပြောများပြားသည်၏ အဖြစ်သို့ ရောက်ခြင်း။ (၂-မှတ်)

၃။ သံဃာသည် လာဘ်များသည်၏ အဖြစ်သို့ ရောက်ခြင်း။ (၂-မှတ်)

၄။ သံဃာသည် အကြားအမြင် (ဗဟုဿုတ) များပြားသည်၏ အဖြစ်သို့ ရောက်ခြင်း။(နှာ၊၁၃) (၂-မှတ်)

၂။ ယခုအခါ ဝဇ္ဇီတိုင်းသည် အစာခေါင်းပါး၍ အသက်မွေးရန် မလွယ်ကူ ဆွမ်းခံခြင်းဖြင့် မျှတရန် မလွယ်ကူ ဝေသာလီမြို့၌ ဥစ္စာပေါများသော ငါ၏ ဆွေမျိုးတို့သည် ပေါများကုန်၏၊ ငါသည် ဆွေမျိုးတို့ကို အမှီပြု၍ နေကုန်ရာ၏၊ ဆွေမျိုးတို့သည်လည်း ငါ့ကို အမှီပြု၍ ပေးလှူ၍ ကောင်းမှုတို့ကို ပြုသည်ရှိသော် ရဟန်းတို့သည်လည်း လာဘ်ကို ရရှိကြလိမ့်မည်၊ ငါလည်း ဆွမ်းဖြင့် မပင်ပန်းအံ့ဟူသောအကြံ ဟူသောအကြောင်းကြောင့် ပြန်သွားရခြင်း ဖြစ်ပါသည်။ (နှာ-၂၀) (၅-မှတ်)

**"ကုက္ကုစ္စ အတွေးဆိုးကား"**

ငါ့အား (ဈာန်စသော ကျေးဇူးတရားကို) မရလေစွတကား၊ ငါ့အား (ရှင်ရဟန်းအဖြစ်ကို) အရ မတော်လေစွတကား၊ ငါသည် (သာသနာတော်ကို) မကောင်းသဖြင့် ရအပ်ပေစွတကား၊ ငါသည် (သာသနာတော်ကို) ကောင်းစွာရခြင်း မဟုတ်လေစွတကား၊ ငါသည် ကောင်းစွာဟောကြားတော်မူအပ်သော သာသနာတော်၌ ရဟန်းပြုပြီး၍ မြတ်သောအကျင့်ကို အသက်ထက်ဆုံး ပြည့်စုံစင်ကြယ်စွာ ကျင့်ရန် မတတ်နိုင်ခဲ့ပေစွတကားဟု နောင်တတစ်ဖန် ပူပန်ခြင်း နှလုံးမသာခြင်း ဖြစ်၏။ (မြန်၊နှာ၊၂၅) (၅-မှတ်)

၃။ **"ကဲ့ရဲ့သော စကားရပ်ကား"**

ဤသာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်ကုန်သော ရဟန်းတို့သည် အရှက်မရှိကုန် သီလမရှိကုန်၊ မမှန်သည်ကို ဆိုလေ့ရှိကုန်၏၊ သို့စင်လျက် ဤရဟန်းတို့က တရားကို ကျင့်လေ့ရှိကုန်၏၊ ညီညွတ်မျှတသော အကျင့်ကို ကျင့်လေ့ရှိကုန်၏၊ မြတ်သောအကျင့်ကို ကျင့်လေ့ရှိကုန်၏၊ အမှန်ကို ဆိုလေ့ရှိကုန်၏၊ သီလရှိကုန်၏၊ ကောင်းသောသဘော ရှိကုန်၏၊ ဝန်ခံကြကုန်၏။ ဤရဟန်းတို့အား ရဟန်းအဖြစ် သူတော်သူမြတ်အဖြစ် မရှိတော့ပြီ၊ သူတော်သူမြတ်အဖြစ်သည် ပျောက်ပျက်ခဲ့လေပြီ၊ သူတော်သူမြတ် အဖြစ်သည် အဘယ်မှာ ရှိပါအံ့နည်း၊ သူတော်သူမြတ်အဖြစ်မှ ကင်းကွာကုန်ပြီ၊ ဤရဟန်းတို့သည် ဘုရင်ကိုသော်လည်း လှည့်ဖျားကြသေး၏၊ အခြားလူများကိုကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်းဟု ကဲ့ရဲ့ကြကုန်၏။ (မြန်၊နှာ၊၅၉)(၆-မှတ်)

"ရွာ၏ ဥပစာကား"

၁။ အကာအရံရှိသော ရွာ၏ တံခါးခုံ၌တည်သော အားအလယ်အလတ်ရှိသော ယောကျ်ား၏ ခဲတစ်ကျ ခဲတစ်ပစ်တည်း။ (၂-မှတ်)

၂။ အကာအရံမရှိသော ရွာ၏ အိမ်ဥပစာ၌တည်သော အားအလယ်အလတ်ရှိသော ယောကျ်ား၏ ခဲတစ်ကျ ခဲတစ်ပစ်တည်း။ (ပြန်၊နှာ-၆၂) (၂-မှတ်)

၄။ "ကမ္မပထတရား (၁၀)ပါးထက် လွန်မြတ်သော တရားသရုပ်ကား"

ဈာန် ဝိမောက္ခ သမာဓိ သမာပတ် ဉာဏ်အမြင် မဂ်ကို ပွားများခြင်း ဖိုလ်ကို မျက်မှောက်ပြုခြင်း ကိလေသာကို ပယ်ခြင်း နိဝရဏမှ ကင်းခြင်း ဆိတ်ငြိမ်ရာကျောင်း၌ မွေ့လျော်ခြင်းတို့ ဖြစ်ပါသည်။ (ပြန်၊နှာ၊၁၂၀) (၅-မှတ်)

"တပေါဒါ မြစ်၏ ဂုဏ်ကား"

ကြည်လင်သော ရေရှိ၏၊ အေးမြသော ရေရှိ၏၊ ချိုမြိန်သော ရေရှိ၏၊ ဖြူစင်သော ရေရှိ၏၊ ကောင်းသော ဆိပ်ကမ်း ရှိ၏၊ နှစ်လိုဖွယ်ရှိ၏၊ များသော ငါးလိပ်ရှိ၏၊ လှည်းဘီးစက် ပမာဏရှိကုန်သော ပဒုမာကြာ တို့သည်လည်း ပွင့်ကုန်၏။ (ပြန်၊နှာ၊၁၅၂) (၅-မှတ်)

၅။ "လူတို့၏ ဆက်ဆံပုံကား"

လူတို့သည် တောင်းခြင်းဖြင့် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ရဟန်းတို့ကို မြင်လျှင် ထိတ်လည်း ထိတ်ကြကုန်၏၊ လန့်လည်း လန့်ကြကုန်၏၊ ပြေးလည်း ပြေးကြကုန်၏၊ ရှောင်ဖယ်၍လည်း သွားကြကုန်၏၊ မျက်နှာလွှဲ၍လည်း နေကြကုန်၏၊ တံခါးကိုလည်း ပိတ်ကြကုန်၏၊ နွားတို့ကိုသော်လည်း မြင်လျှင် ရဟန်းဟုထင်မှတ်၍ ပြေးကြကုန်၏။ (ပြန်၊နှာ၊၂၂၆) (၅-မှတ်)

"အရှင်ဒဗ္ဗ၏ဂုဏ်သရုပ်ကား"

အရှင်ဒဗ္ဗသည် ခုနစ်နှစ်မျှသာ ဖြစ်၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခဲ့ပြီးခြင်း၊ တပည့်သာဝကတို့ ရောက်သင့်ရောက်ထိုက်သော အလုံးစုံသောတရားသို့ အစဉ်ရောက်ခဲ့ပြီးခြင်း၊ တစ်စုံတစ်ခုသော ရဟန်းကိစ္စ နောက်ထပ်ပြုဖွယ် မရှိတော့ခြင်း၊ ပြုအပ်ပြီးသော တရားကိုလည်း ထပ်၍ ပွားများဖွယ် မရှိတော့ခြင်းတို့ ဖြစ်ပါသည်။ (ပြန်၊နှာ၊၂၅၇) (၅-မှတ်)

၆။ "ရှေ့ (၅)ခု ကား"

၁။ ရှစ်ကွက်ကြားကိုလည်း ကစားခြင်း၊

၂။ ဆယ်ကွက်ကြားကိုလည်း ကစားခြင်း၊

၃။ ကောင်းကင်ကြားကိုလည်း ကစားခြင်း၊

၄။ ဖိုးလမင်းကြားကိုလည်း ကစားခြင်း၊

၅။ ဖယ်တောက်ခြင်းဖြင့်လည်း ကစားခြင်းတို့ ဖြစ်ပါသည်။ (ပြန်၊နှာ၊၂၉၀) (၅-မှတ်)

"အဿဇိပုနဗ္ဗသုကာတို့၏ ဂုဏ်သရုပ်ကား"

၁။ သိမ်မွေ့ခြင်း၊

၂။ ပြေပြစ်ခြင်း၊

၃။ နှုတ်ချိုခြင်း၊

၄။ ပြုံးခြင်းလျှင် ရှေ့သွားရှိခြင်း၊

၅။ ကြွပါ ကြွပါဟု ဖော်ရွေစွာ ကြိုဆိုလေ့ရှိခြင်း၊

၆။ ချိုသာ ကြည်လင် ပေါ်လွင်သော မျက်နှာရှိခြင်း၊

၇။ ဦးစွာ ဆိုလေ့ရှိခြင်းတို့ ဖြစ်ပါသည်။

(ပြန်၊နှာ၊၂၉၁) (၅-မှတ်)

၇။ "အကြောင်းဝတ္ထုကား"

တစ်ရံရောအခါ ရဟန်းတစ်ပါးသည် ဝေသာလီမြို့ မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ နေ့သန့်စင်ရာသို့ကပ်လျက် တံခါးကို ဖွင့်၍ လျောင်းစက်နေ၏၊ ထိုရဟန်း၏ အင်္ဂါကြီးငယ်တို့သည် လေကြောင့် တောင့်တင်းခိုင်မာကုန်၏၊ ထိုအခါ ကျောင်းကိုလာကြည့်သော မိန်းမတို့သည် ပန်းနံ့သာကိုဆောင်လျက် အရံအတွင်းသို့ ဝင်လာကုန်၏၊ ထိုအခါ ထိုမိန်းမတို့သည် ရဟန်းကို အလိုရှိတိုင်း ပြုပြီး၍ "ဤရဟန်းကား ယောကျ်ားမြတ် အာဇာနည်ပေတကား"ဟု ပြောကြားပြီးနောက် ပန်း နံ့သာတို့ကို တင်၍ ထွက်သွားကုန်၏။ ရဟန်းတို့သည် သုက်လိမ်းကပ်သည်ကို မြင်၍ မြတ်စွာဘုရားအား လျှောက်ထားသောအခါ မြတ်စွာဘုရားသည် ရဟန်းတို့ အင်္ဂါ (၅)ပါးတို့ကြောင့် အင်္ဂါဇာတ်သည် တောင့်တင်းခိုင်မာ၏။ ရဟန်းတို့ကို (တံခါးဖွင့်၍ကျိန်းသော) ရဟန်းအား ရာဂကြောင့် အင်္ဂါဇာတ်သည် တောင့်တင်းခိုင်မာရန် အကြောင်းမရှိနိုင်ပေ။ ရဟန်းတို့ ထိုရဟန်းသည် ရဟန္တာပေတည်း။ ထိုရဟန်းအား အာပတ်မသင့်။ ရဟန်းတို့ နေ့အခါ ကျိန်းစက်သော ရဟန်းသည် တံခါးကို ပိတ်၍ ကျိန်းစက်ခြင်းငှာ ခွင့်ပြုတော်မူ၏ဟု မိန့်တော်မူ၏။

(ပြန်၊နှာ၊၅၂-၅၃) (၁၀-မှတ်)

၈။ "ရေနစ်သောရဟန်းလေး၏ အနှစ်ချုပ်ကား"

တစ်ရံရောအခါ၌ ပဏ္ဍုကနှင့်ကပိလဟူသော ရဟန်းနှစ်ပါးတို့သည် အတူနေ မိတ်ဆွေဖြစ်ကုန်၏။ တစ်ပါးက တောရွာငယ်၌နေ၍ တစ်ပါးက ကောသမ္ဗီမြို့၌ နေ၏။ ရဟန်းတစ်ပါးသည် တောရွာငယ်မှ ကောသမ္ဗီမြို့သို့ သွားရာလမ်းခရီးအကြား၌ မြစ်ကို ဖြတ်ကူးစဉ် ဝက်ထိုးသမားတို့ လက်မှ လွတ်ကျသော အဆီခွေသည် ခြေ၌ ကပ်ငြိ၏။ ထိုရဟန်းသည် "ဥစ္စာရှင်တို့အား ပြန်ပေးမည်"ဟု ကောက်ယူသော် ဥစ္စာရှင်တို့က ထိုရဟန်းကို သင် ရဟန်းမဟုတ်တော့ဟု စွပ်စွဲကြကုန်၏။ မြစ်မှကူးတက်လာပြီးသော ရဟန်းကို နွားကျောင်းသူမသည် "အရှင်ဘုရား မေထုန်အကျင့်ကို မှီဝဲပါ"ဟု ပြောသည်ရှိသော် ရဟန်းသည် "ငါသည် နကိုယ်ကပင် ရဟန်း မဟုတ်တော့ပြီဟု မှတ်ထင်ပြီး၍ နွားကျောင်းသူမနှင့် မေထုန်မှီဝဲပြီးနောက် ကောသမ္ဗီမြို့သို့ သွားပြီး၍ ရဟန်းတို့အား ပြောကြား၏၊ ရဟန်းတို့သည် "မြတ်စွာဘုရားအား လျှောက်ထားသော် မြတ်စွာဘုရားသည် "ရဟန်းတို့ မပေးသောဥစ္စာကို ယူခြင်းကြောင့် ပါရာဇိကအာပတ်မသင့် မေထုန်အကျင့်ကို ကျင့်ခြင်းကြောင့် ပါရာဇိကအာပတ် သင့်၏ဟု မိန့်တော်မူပါသည်။ (ပြန်၊နှာ၊၈၈-၈၉) (၁၀-မှတ်)

၉။ (က) အာပတ်မသင့်ပါ (၁-မှတ်)
အကြောင်းကား မိမိဥစ္စာဟု မှတ်ထင်၍ယူသောကြောင့် ဖြစ်ပါသည်။ (ပြန်၊နှာ၊၇၇) (၂-မှတ်)
(ခ) အာပတ်မသင့်ပါ (၁-မှတ်)
အကြောင်းကား ကြွားဝါလိုစိတ် မရှိသောကြောင့် ဖြစ်ပါသည်။ (ပြန်၊နှာ၊၁၄၅) (၂-မှတ်)
(ဂ) ထုလ္လစ္စဥ်းအာပတ် သင့်ပါသည်။ (၂-မှတ်)
အကြောင်းကား ကြွားဝါလိုစိတ်ရှိသောကြောင့် ဖြစ်ပါသည်။ (ပြန်၊နှာ၊၁၄၆) (၂-မှတ်)

၁၀။ (က) မသင့်ပါ၊ (ပြန်၊နှာ၊၅၃) (၂-မှတ်)
(ခ) သင့်ပါသည်၊ (ပြန်၊နှာ၊၁၁၁) (၂-မှတ်)
(ဂ) သင့်ပါသည်၊ (ပြန်၊နှာ၊၇၅) (၂-မှတ်)
(ဃ) မသင့်ပါ၊ (ပြန်၊နှာ၊၁၇၁) (၂-မှတ်)
(င) သင့်ပါသည်။ (ပြန်၊နှာ၊၂၂၅) (၂-မှတ်)

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

# ရန်ကုန်မြို့
# ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
# ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
# အုပ်စု (၁) ဝိနယပိဋက
# ပါရာဇိကဏ် ပါဠိတော် မြန်မာပြန်

၁၃၇၆-ခုနှစ်၊ နယုန်လဆန်း (၁) ရက်၊ (၂၉. ၅. ၂၀၁၄) ကြာသပတေးနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## မေးခွန်းနှင့် အဖြေ

၁။ ဝိပဿီ၊ သိခီ၊ ဝေဿဘူဘုရားရှင်တို့၏ သာသနာတော် ကြာမြင့်စွာ မတည်တံ့ရခြင်းအကြောင်းကို နောင်လာ နောက်သားများ သင်ခန်းစာယူရအောင် ရေးသားပြ၍၊ ဝေရဉ္ဇာဘဏဝါရလာ မြတ်ဗုဒ္ဓ၏ လေးစားစရာ အလေ့အကျင့် တစ်ခုကို ထုတ်နှုတ်တင်ပြပြီး၊ "ပဌမပါရာဇိကအစ အရှင်သုဒိန်က" ဆိုသည့်အတိုင်း သုဒိန် အမျိုးကောင်းသား၏ ရဟန်းဘဝ ရရှိရေးအတွက် မိဘနှစ်ပါးအပေါ်၌ ဆန္ဒပြ တိုက်ပွဲဝင်ပုံကိုလည်း ဖော်ပြခဲ့ပါ။

**ဖြေ။ ဝိပဿီ သိခီ ဝေဿဘူဘုရားရှင်တို့၏သာနာတော်ကြာမြင့်စွာ မတည်ရခြင်းအကြောင်း**

ဝိပဿီ မြတ်စွာဘုရားသည်လည်းကောင်း၊ သိခီ မြတ်စွာဘုရားသည် လည်းကောင်း၊ ဝေဿဘူ မြတ်စွာဘုရားသည် လည်းကောင်း တပည့်တို့အား တရားတော်ကို အကျယ် ဟောတော်မူရန်ကြောင့်ကြ မစိုက်ကြကုန်။ ထို မြတ်စွာဘုရား တို့၏ သုတ် ဂေယျ ဗျာကရုဏ်း ဂါထာ ဥဒါန်း ဣတိဝုတ်ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လတို့သည် အနည်းငယ်မျှသာ ဖြစ်ကုန်၏၊ တပည့်တို့အား သိက္ခာပုဒ်ကို ပညတ်တော်မမူခဲ့ချေ။ (အာဏာ) ပါတိမောက်ကို ပြတော်မမူခဲ့ချေ။ (ပါ-နှာ၊၉၊မြန်၊၁၁။)(၄-မှတ်)

**မြတ်ဗုဒ္ဓ၏ လေးစားစရာ အလေ့အကျင့်တစ်ခု**

(ဘုရားသျှင်တို့သည်) ပင့်ဖိတ်သူများရှိ၍ ဝါကပ်တော်မူရာဝယ် ထိုပင့်ဖိတ် သူတို့ကို မပန်ကြားဘဲ ဇနပုဒ်(တိုင်းနိုင်ငံ) ၌ လှည့်လည်၍ ဒေသစာရီ မကြွချီခြင်းသည် ဘုရားသျှင်တို့၏ အလေ့အကျက် ဖြစ်။ (ပါ-နှာ၊၁၁၊မြန်၊၁၄။) (၂-မှတ်)

**သုဒိန်အမျိုးကောင်းသား၏ ဆန္ဒပြတိုက်ပွဲဝင်ပုံ**

ကလန္ဒသူဌေးသား သုဒိန်သည် ငါ့ကို မိဘတို့က လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အလို့ငှါ ခွင့်မပြုကြကုန်ဟု (သိ၍) အခင်းမရှိသော မြေပေါ်၌ "ဤနေရာ၌သာလျှင် ငါ့အား သေခြင်းသော် လည်းကောင်း၊ ရဟန်းအဖြစ်သော်လည်းကောင်း ဖြစ်လိမ့်မည်ဟု" (ဆို၍) ထိုအရပ်၌ပင် အိပ်၏။ ထို့နောက် ကလန္ဒသူဌေးသား သုဒိန်သည် ထမင်းတစ်နပ်ကိုလည်း မစား၊ ထမင်းနှစ်နပ်တို့ကိုလည်း မစား၊ ထမင်းသုံးနပ်တို့ကိုလည်း မစား၊ ထမင်းလေးနပ်တို့ကိုလည်း မစား၊ ထမင်းငါးနပ်တို့ကိုလည်း မစား၊ ထမင်းခြောက်နပ်တို့ကိုလည်း မစား၊ ထမင်းခုနစ်နပ်တို့ကိုလည်း မစား။ (ပါ-နှာ၊၁၅၊မြန်၊၁၈။) (၄-မှတ်)

## မေးခွန်းနှင့် အဖြေ

၂။ ရဟန်းအမျိုးအစား ၁၂-မျိုးတို့တွင် အစဆုံး ငါးမျိုးကို မှန်ကန်စွာ ရေးသားပြ၍၊ ပစ္စတ္တိက (ရန်သူ) သရုပ်တို့ကိုလည်း ဖော်ပြပြီး၊ ပထမပါရာဇိက ဝိနီတဝတ္ထုတို့လာ ဥပဒေကို လက်တစ်လုံးခြား ပြုလုပ်၍ ကျူးလွန်သော ဝတ္ထုကို ပြည့်စုံစွာ ရေးသားခဲ့ပါ။

ဖြေ။ **ရဟန်းအမျိုးအစား ၁၂-ဦးတို့တွင် အစဆုံး ငါးဦး**

ရဟန်းဟူသည် (၁) (အရိယာသူတော်ကောင်းတို့၏ တောင်းခြင်းဖြင့်) တောင်းတတ်သောကြောင့် ရဟန်း၊ (၂) ဆွမ်းခံခြင်း အကျင့်သို့ ကပ်ရောက်တတ်သောကြောင့် ရဟန်း၊ (၃) ဆုတ်ဖြတ်ပြီးသော အဝတ်ကို ဝတ်ရုံတတ်သောကြောင့် ရဟန်း၊ (၄) ရဟန်းဟု သမုတ်ခြင်းကြောင့် ရဟန်း၊ (၅) ရဟန်းဟု ဝန်ခံခြင်းကြောင့် ရဟန်း။

(ပါ-နှာ-၂၈၊မြန်၊၁၈။) (၄-မှတ်)

**ပစ္စတ္တိက ရန်သူသရုပ်**

ရန်သူရဟန်း၊ ရန်သူမင်း၊ ရန်သူခိုးသူ၊ ရန်သူအပျော်ကြူးသမား၊ ရန်သူစားပြလူဆိုး။

(ပါ-နှာ-၄၁၊မြန်၊၄၆။) (၃-မှတ်)

**ဥပဒေကို လက်တစ်လုံးခြား ပြုလုပ်၍ ကျူးလွန်သော ဝတ္ထု**

တစ်ရံရောအခါ ရဟန်းတစ်ပါးသည် ကာယပသာဒ ပျက်နေ၏၊ ထိုရဟန်းသည် "ငါသည် ကောင်းမကောင်းကို မခံစားနိုင်၊ ငါ့အား အာပတ်သင့်မည် မဟုတ်"ဟု မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲလေ၏။ပ။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏၊ "ရဟန်းတို့ ထို (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားသည် ခံစားနိုင်သည်ဖြစ်စေ၊ မခံစားနိုင်သည်ဖြစ်စေ ပါရာဇိကအာပတ် သင့်၏"ဟု (မိန့်တော်မူ၏)။

(ပါ-နှာ-၄၆၊မြန်၊၅၁။) (၃-မှတ်)

## မေးခွန်းနှင့် အဖြေ

၃။ အိုးထိန်းသည့်သား အရှင်ဓနိယ ဆောက်လုပ်သော ကျောင်းငယ်၏ ဂုဏ်ရည်တို့ကို ဖော်ပြ၍၊ အရည (တော) ဟူသည် အဘယ်နည်း? ဖြေဆိုပြီး၊ ယာဉ်၌ တည်ရှိသော ဘဏ္ဍာကို ခိုးယူရာ၌ အာပတ်အဆင့်ဆင့် သင့်ပုံကိုလည်း ရေးသားပြခဲ့ပါ။

ဖြေ။ **ရှင်ဓနိယ ဆောက်လုပ်သော ကျောင်းငယ်၏ ဂုဏ်ရည်**

ထိုကျောင်းငယ်သည် အလွန်လှပ၏၊ ရှုဖွယ်ကောင်း၏၊ ကြည်နူးဖွယ် ကောင်း၏၊ နီရဲသောအဆင်းရှိ၏၊ သိကြား ကွမ်းသွေးကောင်-၁ နှင့်တူ၏၊ ထိုကျောင်းငယ်၏ အသံသည် ခြူ ဆည်းလည်းသံနှင့်တူ၏။

(ပါ-နှာ-၅၁၊မြန်၊၅၅။) (၄-မှတ်)

တော မည်သည် ရွာ ရွာ၏ ဥပစာကို ချန်လှပ်၍ ကြွင်းကျန်သော အရပ်တည်း။ (ပါ-နှာ-၅၇၊မြန်၊၆၂။) (၂-မှတ်)

**ယာဉ်၌တည်ရှိသော ဘဏ္ဍာကို ခိုးယူရာ၌ အာပတ်အဆင့်ဆင့်သင့်ပုံ**

"ယာဉ်၌တည်သော ဥစ္စာကို ခိုးအံ့"ဟု ခိုးလိုသော စိတ်ရှိသည် ဖြစ်၍ အဖော်ကိုသော်လည်း ရှာအံ့၊ သွားမူလည်း သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊ နေရာမှရွေ့စေအံ့၊ ပါရာဇိကအာပတ် သင့်၏။ "ယာဉ်ကို ခိုးအံ့"ဟု ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ အဖော်ကိုသော်လည်း ရှာအံ့၊ သွားမူလည်း သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်းအာပတ်သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ပါရာဇိကအာပတ် သင့်၏။

(ပါ-နှာ-၆၀၊မြန်၊၆၅။) (၄-မှတ်)

၄။ပံသုကူ သင်္ကန်းကောက်ယူမှုနှင့် စပ်လျဉ်း၍ မြတ်ဗုဒ္ဓ၏ ပညတ်ချက်ကို ပေါ်လွင်အောင် ရေးသားပြပြီးလျှင်၊ ကျော့ကွင်း၌ မိနေသော သားကောင်ကို လွှတ်ကောင်း၊ မလွှတ်ကောင်း၊ အကြောင်းပြ၍ ဆုံးဖြတ်ချက်ချပြခဲ့ပါ။

ဖြေ။ **ပံသုကူ သင်္ကန်းကောက်ယူမှုနှင့် စပ်၍ မြတ်ဗုဒ္ဓ၏ ပညတ်ချက်**

ရဟန်းတို့ ကိုယ်မပျက်သေးသော သူသေကောင်၌ ပံ့သကူ မကောက်ယူအပ်၊ ကောက်ယူသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏ဟု မိန့်တော်မူ၏။ (ပါ-နှာ-၇၃၊မြန်၊၇၇။) (၄-မှတ်)

ကျော့ကွင်း၌မိနေသော သားကောင်ကို သနားခြင်းကို အလိုရှိသော အကြောင်းကြောင့် လွှတ်ကောင်း ပါသည်။ (၃-မှတ်)

ခိုးလိုသော စိတ်ဟူသော အကြောင်းကြောင့် မလွှတ်ကောင်းပါ။ (ပါ-နှာ-၇၉၊မြန်၊၈၃။) (၃-မှတ်)

## မေးခွန်းနှင့် အဖြေ

၅။ "နောင်တ နောင်မှရသည်" ဆိုသည့်အတိုင်း မိဂလဏ္ဍိက၏ နောင်တရပုံကို ဖော်ပြ၍၊ အာနာပါနဿတိ သမာဓိကို အဖန်ဖန် အထပ်ထပ် ပွားများခြင်းကြောင့် ရရှိသော အကျိုးကျေးဇူးတို့ကို အားတက်ဖွယ်ဖြစ်အောင် ရေးသားပြပြီးလျှင်၊ "အမ္ဗောပုရိသ" ဟူသော စကားသည် အဘယ်စကားဖြစ်ပါသနည်း? ဖြေဆိုခဲ့ပါ။

ဖြေ။ **မိဂလဏ္ဍိက၏ နောင်တရပုံ**

"ငါ့အား (အကျိုးစီးပွားကို) မရလေစွတကား၊ (အကျိုးစီးပွားကို) အရမတော်လေစွတကား၊ ငါသည် (လူအဖြစ်ကို) မကောင်းသဖြင့် ရအပ်လေစွတကား၊ (လူအဖြစ်ကို) ကောင်းသောရခြင်း မဟုတ်လေစွ တကား၊ ငါသည် များစွာသော မကောင်းမှုကို ဆည်းပူးမိလေပြီတကား၊ အကြင် ငါသည် အကျင့်သီလ ကောင်းမွန်သော တရားဓမ္မရှိကုန်သော ရဟန်းတို့ကို အသက် 'ဇီဝိတိန္ဒြေ' မှ ချမိပေပြီ"ဟု နောင်တတစ်ဖန် ပူပန်ခြင်း နှလုံးမသာခြင်း ဖြစ်ပေါ်သည်သာလျှင်တည်း။

(ပါ-နှာ-၈၇၊မြန်၊၉၁။) (၄-မှတ်)

**အာနာပါနဿတိ သမာဓိကို အဖန်ဖန် အထပ်ထပ် ပွားများရခြင်းကြောင့် ရရှိသော အကျိုးကျေးဇူး**

ရဟန်းတို့ ဤသို့ ပွါးများ လေ့လာအပ်သော အာနာပါနဿတိ သမာဓိသည် ငြိမ်လည်း ငြိမ်သက်၏၊ မွန်လည်း မွန်မြတ်၏၊ သွန်းလောင်းစရာလည်း မလို၊ ချမ်းသာသော နေရာလည်း ဖြစ်၏၊ ဖြစ်တိုင်း ဖြစ်တိုင်း ကုန်သော အကုသိုလ် အယုတ်တရားတို့ကို တစ်ခဏချင်း ကွယ်ပျောက် ငြိမ်းအေးစေ နိုင်၏"ဟု ဟောတော်မူ၏။

(ပါ-နှာ-၈၉၊မြန်၊၉၄။) (၄-မှတ်)

**အမ္ဗောပုရိသဟူသော စကားသည်**

အို ယောကျ်ားဟူသည် ရှေးရှု ခေါ်ဝေါ်အပ်သော ယောကျ်ား၏ အမည် ဖြစ်သည်။

(ပါ-နှာ-၉၃၊မြန်၊၉၇။) (၂-မှတ်)

.............................................................

## မေးခွန်းနှင့် အဖြေ

၆။ သူခိုးကြီး ငါးယောက်တို့တွင် နောက်ဆုံးသူခိုးကြီးကို ဖော်ပြ၍၊ ရဟန်းတော် အရှင်သူမြတ်တို့ကို ကြည်ညိုမှု အားကြီးသော ဒါယကာ၊ ဒါယိကာမတို့သည် "ရဟန္တာအရှင်မြတ်ကြီးများ ဆွမ်းစားကြွတော်မူပါဘုရား"ဟု သုံးနှုန်း ပြောဆိုခြင်းကြောင့် ရဟန်းတော်တို့အပေါ်၌ အာပတ်သင့် မသင့်ကိုလည်း ဝတ္ထုသွားထောက်၍ ဆုံးဖြတ်ပြခဲ့ပါ။

ဖြေ။ **သူခိုးကြီး ငါးယောက်တို့တွင် နောက်ဆုံး သူခိုးကြီး**

ရဟန်းတို့ အကြင် ရဟန်းသည် (မိမိသန္တာန်၌) ထင်ရှားမရှိသော မဟုတ်မမှန်သော လူတို့ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကို ဝါကြွားပြောဆို၏၊ ဤရဟန်းသည် နတ်နှင့်တကွသော မာရ်နတ်နှင့်တကွသော ဗြဟ္မာနှင့်တကွသော ဤသြကာသလောက၌ လည်းကောင်း၊ ရဟန်း ပုဏ္ဏားနှင့်တကွသော မင်းများ လူများနှင့် တကွသော ဤသတ္တဝါအပေါင်း၌ လည်းကောင်း အဆိုးဆုံး အကြီးဆုံး ခိုးသူကြီးပေတည်း။ (ပါ-နှာ-၁၁၅၊မြန်၊၁၁၉။) (၄-မှတ်)

ရဟန်းတော် ရှင်သူမြတ်တို့ကို ကြည်ညိုမှု အားကြီးသော ဒါယကာ၊ ဒါယိကာမတို့သည် ရဟန္တာ အရှင်မြတ်ကြီးများ ဆွမ်းစား ကြွတော်မူပါဘုရားဟု သုံးနှုန်းပြောဆိုခြင်းကြောင့် ရဟန်းတော်တို့အပေါ်၌ အာပတ်မသင့်ပါ။ (၂-မှတ်)

တစ်ရံရောအခါ ပုဏ္ဏားတစ်ယောက်သည် ရဟန်းတို့ကို ပင့်ဖိတ်၍ "ရဟန္တာ အသျှင်မြတ် တို့သည် ထိုင်တော်မူပါကုန်လော့။ ရဟန္တာ အသျှင်မြတ်တို့သည် ဘုဉ်းပေးတော်မူပါကုန်လော့။ ရဟန္တာ အသျှင်မြတ် တို့သည် ရောင့်ရဲ နှစ်သိမ့် တော်မူပါကုန်လော့။ ရဟန္တာ အသျှင်မြတ် တို့သည် ကြွတော်မူပါကုန်လော့"ဟု လျှောက်ထား၏။ "ငါတို့လည်း ရဟန္တာ မဟုတ်ကြကုန်၊ ဤပုဏ္ဏားက လည်းငါတို့ကို ရဟန္တာအသုံး အနှုန်းဖြင့် ပြောဆိုသုံးနှုန်းနေ၏၊ ငါတို့သည် အဘယ်သို့ ပြုကျင့် ရပါကုန်အံ့နည်း"ဟု ထိုရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်ကြကုန်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏။ ရဟန်းတို့ ကြည်ညို၍ ဆိုရာ၌ အာပတ်မသင့်ဟု (မိန့်တော်မူ၏)။ (ပါ-နှာ-၁၄၂၊မြန်၊၁၄၆။) (၄-မှတ်)

## မေးခွန်းနှင့် အဖြေ

၇။ ဩလယ်နာ ဥလ္လယ်နာတို့၏ အထူးကို ကွဲပြားအောင် ရေးသားပြီး၊ သေနေသော မိန်းမကို ကာယသံသဂ္ဂရာဂဖြင့် ကိုင်တွယ်သော ရဟန်းအား အဘယ်အာပတ်သင့်ပါသနည်း? ဖြေဆိုပြီးလျှင်၊ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်၌ ယူရမည့်မာတုဂါမကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ **ဩလယ်နာ ဥလ္လယ်နာ အထူး**

အောက်သို့ ခုန်ကျော်၍ သုံးသပ်ခြင်း မည်သည် အောက်သို့ ညွှတ်စေခြင်းတည်း။

အထက်သို့ ခုန်ကျော်၍ သုံးသပ်ခြင်း မည်သည် အထက်သို့ မ-ခြင်းတည်း။ (ပါ-နှာ-၁၇၄၊မြန်၊၁၇၉။) (၄-မှတ်)

သေနေသော မိန်းမအား ကာယသံသဂ္ဂရာဂဖြင့် ကိုင်တွယ်သော ရဟန်းအား ထုလ္လစ္စဥ်း အာပတ်သင့်ပါသည်။

(ပါ-နှာ-၁၈၅၊မြန်၊၁၈၉။) (၂-မှတ်)

**ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်လာ ယူရမည့် မာတုဂါမ**

မိန်းမ မည်သည် လူမိန်းမတည်း၊ ဘီလူး (နတ်) မ မဟုတ်၊ ပြိတ္တာမ မဟုတ်၊ တိရစ္ဆာန်မ မဟုတ်၊ ကောင်း မကောင်း, ရုန့်ရင်း မရုန့်ရင်းသော စကားကို သိနားလည်နိုင်စွမ်းသော မိန်းမတည်း။

(ပါ-နှာ-၁၈၈၊မြန်၊၁၉၂။) (၄-မှတ်)

## မေးခွန်းနှင့် အဖြေ

၈။ အတောင်းအရမ်း ကြမ်းလှသော အာဋဝီရဟန်းတော်တို့ကြောင့် ရဟန်းတို့ကို မြင်ပြီး လူတို့၏ ဖြစ်ပျက်နေကြပုံကို တင်ပြ၍၊ ကလျာဏဘတ္တိကသူကြွယ်က ဆွမ်းစားပင့်၍ ဘုန်းကံနည်းပါးလှသော မေတ္တိယဘူမဇက ရဟန်းတို့ ရှင်မြူးဝမ်းမြောက်နေကြပုံကိုလည်း ပီပြင်အောင် ရေးသားခဲ့ပါ။

**ဖြေ။ အတောင်းအရမ်း ကြမ်းလာသော အာဋဝီရဟန်းတော်တို့ကြောင့် ရဟန်းတို့ကိုမြင်ပြီး လူတို့ ဖြစ်ပျက်နေကြပုံ**

ရဟန်းတို့ကို မြင်လျှင် ထိတ်လည်း ထိတ်ကြကုန်၏၊ လန့်လည်း လန့်ကြကုန်၏၊ ပြေးလည်းပြေးကြကုန်၏၊ ရှောင်ဖယ်၍လည်း သွားကြကုန်၏၊ မျက်နှာလွှဲ၍ လည်းနေကြ ကုန်၏၊ တံခါးကိုလည်းပိတ်ကြကုန်၏၊ နွားတို့ကိုသော်လည်း မြင်လျှင် ရဟန်းဟု ထင်မှတ်၍ ပြေးကြကုန်၏။ (ပါ-နှာ-၂၁၈၊မြန်၊၂၂၆။) (၅-မှတ်)

**မေတ္တိယဘူမဇက ရဟန်းတို့၏ ရှင်မြူးဝမ်းမြောက်နေကြပုံ**

"ငါ့သျှင်တို့ ယမန်နေ့က ငါတို့အား ကလျာဏဘတ္တိက ဒါယကာ၏ ဆွမ်းကို ညွှန်းအပ်ပြီ၊ နက်ဖြန် ငါတို့ကို ကလျာဏဘတ္တိက ဒါယကာသည် သားမယားနှင့်တကွ အနီး၌ ကပ်၍ လုပ်ကျွေးလတ္တံ့၊ အချို့ ရဟန်းတို့ကို ဆွမ်းဖြင့် မေးကုန်လတ္တံ့၊ အချို့ရဟန်းတို့ကို ဟင်းလျာဖြင့် မေးကုန်လတ္တံ့၊ အချို့ရဟန်းတို့ကို ဆီဖြင့် မေးကုန်လတ္တံ့၊ အချို့ရဟန်းတို့ကိုလက်သုပ်ဟင်းလျာဖြင့် မေးကုန် လတ္တံ့"ဟု ထိုမေတ္တိယ ဘုမ္မဇက ရဟန်းတို့သည် ထိုဝမ်းမြောက်ခြင်းဖြင့်သာလျှင် ညဥ့်၌ စိတ်အလိုရှိတိုင်း မအိပ် (နိုင်ကြ) ကုန်။ (ပါ-နှာ-၂၄၇၊မြန်၊၂၆၁။) (၅-မှတ်)

## မေးခွန်းနှင့် အဖြေ

၉။ နိဿဂ္ဂိထိုက်သော အတိရေက သင်္ကန်းကို သံဃာ့အထံ၌ စွန့်ပုံအစီအစဉ်ကို ဖော်ပြ၍၊ နာနပ္ပကာရက နှစ်ခုတို့၏ အထူးကိုလည်း ရေးသားခဲ့ပါ။

ဖြေ။ **နိဿဂ္ဂိထိုက်သော အတိရေက သင်္ကန်းကို သံဃာ့အထံ၌ စွန့်ပုံအစီအစဉ်**

ထိုရဟန်းသည် သံဃာတော်သို့ ချဉ်းကပ်ပြီးနောက် လက်ဝဲတစ်ဖက် ပခုံးထက်၌ အပေါ်ရုံ ဧကံသီကို စံပယ်တင်ပြီးလျှင် ကြီးကုန်သော ရဟန်းတို့၏ ခြေတို့ကို ရှိခိုး၍ ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက်- "အသျှင်ဘုရားတို့ အကျွန်ုပ်၏ ဤသင်္ကန်းသည် ဆယ်ရက်ကို လွန်သည်ဖြစ်၍ စွန့်အပ်ပါသည်၊ အကျွန်ုပ်သည် ဤသင်္ကန်းကို သံဃာအား စွန့်ပါ၏" ဟု ဆိုရမည်။ (ပါ-နှာ-၂၉၅၊မြန်၊၃၁၂။) (၆-မှတ်)

**နာနပ္ပကာရက နှစ်ခု အထူး**

အထူးထူး အပြားပြားသော မည်သည် ပြုအပ်ပြီးသည် လည်းကောင်း၊ မပြုအပ်သေးသည် လည်းကောင်း၊ ပြုအပ်ပြီး မပြုအပ်သေးသည်လည်းကောင်းတည်း။ (ပါ-နှာ-၃၄၈၊မြန်၊၃၆၇။) (၂-မှတ်)

အထူးထူးအပြားပြားရှိသော မည်သည် သင်္ကန်း ဆွမ်း အိပ်ရာ နေရာ ကျောင်း သူနာ၏ အထောက်အပံ့ ဆေးပစ္စည်းတို့တည်း။ အယုတ်သဖြင့် ကသယ်မှုန့်အခဲသည်လည်းကောင်း၊ ဒန်ပူသည်လည်းကောင်း၊ အမြိတ် အဆာချည်သည်လည်းကောင်းတည်း။ (ပါ-နှာ-၃၅၁၊မြန်၊၃၇၁။) (၂-မှတ်)

၁၀။ နိဿဂ္ဂိသိက္ခာပုဒ်တို့တွင် သံဃာ့အလယ်၌သာ စွန့်ရမည်ဟု ပညတ်ထားသော သိက္ခာပုဒ်တို့ကို ဖော်ထုတ်ပြ၍၊ အောက်ပါတို့တွင် အမှန်ကိုသာ ရွေးချယ်ပြခဲ့ပါ။

(က) သုတ္တဝိညတ္တိသိက္ခာပုဒ်ကို သာဝတ္ထိပြည်/ ရာဇဂြိုဟ်ပြည် ၌ ပညတ်ခဲ့သည်။

(ခ) ပရိဏတသိက္ခာပုဒ်ကို အညတရဘိက္ခုကို/ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်ခဲ့သည်။

ဖြေ။ **နိဿဂ္ဂိသိက္ခာပုဒ်တို့တွင် သံဃာ့အလယ်၌သာ စွန့်ရမည်ဟု ပညတ်ထားသော သိက္ခာပုဒ်များ**

ရူပိယသိက္ခာပုဒ်၊ ရူပိယသံဝေါဟာရသိက္ခာပုဒ်၊ ဥနပဉ္စဗန္ဓနသိက္ခာပုဒ်။ (ပါ-နှာ-၃၄၆၊၃၄၈၊၃၅၇။)(၃-မှတ်)

(က) သုတ္တဝိညတ္တိသိက္ခာပုဒ်ကို ရာဇဂြိုဟ်ပြည်၌ ပညတ်ခဲ့သည်။ (ပါ-နှာ-၃၆၈။) (၃-မှတ်)

(ခ) ပရိဏတသိက္ခာပုဒ်ကို ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်ခဲ့သည်။ (ပါ-နှာ-၃၇၉။) (၄-မှတ်)

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
**အုပ်စု (၁) ဝိနယပိဋက**
**ပါရာဇိကဏ် ပါဠိတော် မြန်မာပြန် အဖြေ**
၁၃၇၇-ခုနှစ်၊ ပထမဝါဆိုလဆန်း (၆) ရက်၊ (၂၂. ၆. ၂၀၁၅) တနင်္လာနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

...........................................

၁-မေး။ ဝေရဉ္ဇာမြို့တွင် တွေကြုံနေရသော အစာခေါင်းပါးမှုကို ဖြေရှင်းရန် ရည်ရွယ်ချက်ဖြင့် အရှင်မဟာမောဂ္ဂလာန်က မြတ်စွာဘုရားအား လျှောက်ထားပုံနှင့် မြတ်စွာဘုရားက ပြန်လည်မိန့်ကြားပုံတို့ကို ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

ဖြေ။ "အသျှင်ဘုရား. . . ယခုအခါ၌ ဝေရဉ္ဇာမြို့သည် အစာခေါင်းပါး၏၊ အသက်မွေးရန် ခဲယဉ်း၏၊ ဖွေးဖွေး ဖြူသော အရိုးရှိ၏၊ စာရေးတံလက်မှတ်ဖြင့် အသက်မွေးရ၏၊ သပိတ်လက်စွဲ၍ ဆွမ်းခံခြင်းဖြင့် မျှတရန် မလွယ်ကူချေ။ အသျှင်ဘုရား. . . ဤမြေကြီး၏ အောက်အပြင်သည် ပျားကောင် ပျားဥမရှိသော ပျားရည်ကဲ့သို့ ချိုမြိန်ကောင်းမြတ်၍ သာယာဖွယ်ရှိပါသည်၊ အသျှင်ဘုရား. . . တောင်းပန်ပါ၏၊ အကျွန်ုပ်သည် မြေကြီးကို ထက်အောက်ပြောင်းပြန်လှန်လိုပါသည်၊ ရဟန်းများသည် အောက်အပြင်ရှိ မြေဆီ မြေလွှာ မြေသြဇာကို သုံးဆောင်ကြရပါလိမ့်မည်" ဟု လျှောက်၏။

မောဂ္ဂလာန်. . . မြေကြီးကို မှီနေကုန်သော သတ္တဝါတို့ကို အဘယ်သို့ ပြုမည်နည်းဟု (မေးတော်မူ၏။)

အသျှင်ဘုရား. . . အကျွန်ုပ်သည် လက်တစ်ဖက်ကို မြေကြီးကဲ့သို့ ဖန်ဆင်းပါမည်၊ မြေကြီးကို မှီနေကုန်သော သတ္တဝါတို့ကို ထို(မြေကြီးကဲ့သို့ ဖန်ဆင်းထားသော လက်ပေါ်)၌ ပြောင်းရွှေ့ထားပါမည်၊ လက်တစ်ဖက်ဖြင့် မြေကြီးကို မှောက်လှန်ပါမည်ဟု (လျှောက်၏။)

မောဂ္ဂလာန်. . . မသင့်လျော်ပေ၊ မြေကြီးကို လှန်ရန် သင် မနှစ်သက် (မလိုလား)လင့်၊ သတ္တဝါတို့သည် အထင်အမြင် ဖောက်ပြန်မှားယွင်းခြင်းသို့လည်း ရောက်ကုန်ရာသည်ဟု မိန့်တော်မူ၏။

အသျှင်ဘုရား တောင်းပန်ပါသည် အားလုံးသော ရဟန်းသံဃာကို မြောက်ကျွန်းသို့ ဆွမ်းခံကြွပါစေဟု (လျှောက်၏)။

မောဂ္ဂလာန်. . . မသင့်လျော်ပေ၊ အားလုံးသော ရဟန်းသံဃာ၏ မြောက်ကျွန်းသို့ ဆွမ်းခံသွားခြင်းကို သင် မနှစ်သက် (မလိုလား)လင့်ဟု (မိန့်တော်မူ၏။) (စာ-၉-၁၀။)

---

၂-မေး။ ရဟန်းတစ်ပါးအား ဣတ္ထိလိင် ထင်ရှားဖြစ်ပေါ်ခဲ့လျှင် မည်ကဲ့သို့ နေထိုင်ဆောင်ရွက်ရမည်ကို မြတ်စွာဘုရား ညွှန်ကြားသော ဖြတ်ထုံးနှင့်အညီ ဖော်ပြ၍၊ ကင်းထားရာအရပ် 'အကောက်ဌာန'၌ ကင်းခွန်ကို မဆောင်ဘဲ ခိုးလိုသော စိတ်ဖြင့် ရှောင်လွှဲသော ရဟန်းအား သင့်ရောက်သော အာပတ်တို့ကို သင့်ပုံနှင့် တကွ ဖော်ပြခဲ့ပါ။

ဖြေ။ ရဟန်းတို့ ရဟန်းမိန်းမတို့နှင့် ပေါင်းသင်းနေထိုင်ရန် ထို(ယောကျ်ားလက်ထက် ယူသော) ဥပဇ္ဈာယ်ထို (ယောကျ်ားလက်ထက်ခံအပ်သော) ပဉ္စင်းအဖြစ် ထို(ယောကျ်ားလက်ထက်ရေတွက်အပ်သော) နှစ် 'ဝါ'တို့ကို သာလျှင် ခွင့်ပြုတော်မူ၏၊ ရဟန်းယောကျ်ားတို့၏ အကြင်အာပတ်တို့သည် ရဟန်းမိန်းမတို့နှင့် သက်ဆိုင်ကုန်၏၊ ထိုအာပတ်တို့ကို ရဟန်းမိန်းမတို့၏ အထံ၌ ကုစားခြင်းငှာ ခွင့်ပြုတော်မူ၏၊ ရဟန်း ယောကျ်ားတို့၏ အကြင် အာပတ်တို့သည် ရဟန်းမိန်းမတို့နှင့် မသက်ဆိုင်ကုန်၊ ထိုအာပတ်တို့ဖြင့် အာပတ်မသင့်ပေဟု (မိန့်တော်မူ၏)။ (စာ-၄၈)

ထိုကင်းထားရာ 'အကောက်ဌာန'သို့ ဝင်၍ ငါးပဲ-ငါးပဲထက် အလွန်ထိုက်တန်သော အစိုးရ'မင်း'အား အခွန်တော်ပေးဆက်ရမည့် ဥစ္စာကို ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်း အာပတ်သင့်၏၊ ခြေတစ်လှမ်းကို ကင်းကို ကျော်လွန်စေအံ့၊ ထုလ္လစ္စဉ်းအာပတ်သင့်၏၊ ဒုတိယခြေတစ်လှမ်းကို ကျော်လွန်စေအံ့ ပါရာဇိကအာပတ် သင့်၏၊ ကင်းအတွင်း၌ ရပ်၍ ကင်းအပြင်၌ ကျစေအံ့၊ ပါရာဇိက အာပတ်သင့်၏၊ အကောက်ခွန်ကို ရှောင်လွှဲအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။

(စာ-၆၉)

၃-မေး။ စတုတ္ထပါရာဇိကအမှုကို ကျူးလွန်သဖြင့် သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်ရပုံကို ဥပမာနှင့်တကွ ဖော်ပြ၍၊ (က) ကောက်ကျစ်စဉ်းလဲသော တရားသူကြီး၊ (ခ) သူ့သားမယားကို သွားလာသူ၊ (ဂ) လင်ကို ကျူးလွန်၍ ကျင့်သော မိန်းမ၊ (ဃ) နတ်ကတော်၊ (င) ခိုးသတ်ယောက်ျားတို့၏ အကျိုးပေးတို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ဥပမာသော်ကား လည်ဆစ်ပြတ်ကျိုးလေပြီးသော ထန်းပင်သည် နောက်ထပ် စည်ပင်ပေါက်ရောက်ခြင်းငှာ မဖြစ်နိုင်သကဲ့သို့ ဤအတူပင် ရဟန်းသည် ယုတ်ညံ့သော အလိုဆိုးရှိသည်ဖြစ်၍ အလိုဆိုးသည် နှိပ်စက်အပ်သည်ဖြစ်၍ ထင်ရှားမရှိသော မဟုတ်မမှန်သော လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော (ဈာန် မဂ် ဖိုလ်) တရားကို ဝါကြွား ပြောဆိုမိ၍ ရဟန်း မဟုတ်တော့ပေ၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်မဟုတ်တော့ပေ၊ ထို့ကြောင့် "သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်၏"ဟု ဆိုရ၏။

(စာ-၁၂၁)

ရပ်ရွာကို ကောက်ကျစ်စဉ်းလဲသူ 'တရားသူကြီး'သည် ဝှေးစေ့ဝန်ရှိသူ 'ဝှေးစေ့ကြီးသူ'ဖြစ်ရလေပြီ။
သူ့သားမယားကို သွားလာသော ထိုသူသည် မစင်တွင်း၌ နစ်မြုပ်ရလေပြီ။
လင်ကို ကျူးလွန်၍ ကျင့်သော မိန်းမသည် အရေမရှိသော ပြိတ္တာမ ဖြစ်ရလေပြီ။
နတ်ဝင်မ 'နတ်ကတော်'သည် အရုပ်ဆိုးမ ဖြစ်ရလေပြီ။
ခိုးသတ်ယောက်ျားသည် ဦးခေါင်းပြတ် ပြိတ္တာဖြစ်ရလေပြီ။ (စာ-၁၄၂)

၄-မေး။ သဒ္ဓိဝိဟာရိကတ္တိဌာပုဒ်လာ မယားဆယ်မျိုးကို အစဉ်အတိုင်း ဖော်ပြ၍၊ (က) အစောင့်အရှောက်ချထားသော မိန်းမ၊ (ခ) ဒဏ်ထားသော မိန်းမတို့၏ အဓိပ္ပါယ်ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ အမိစောင့်သော မိန်းမ၊ အဖစောင့်သော မိန်းမ၊ အမိအဖစောင့်သော မိန်းမ၊ မောင်စောင့်သော မိန်းမ၊ အစ်မ ညီမစောင့်သော မိန်းမ၊ ဆွေမျိုးစောင့်သော မိန်းမ၊ အနွယ်စောင့်သော မိန်းမ၊ တရားကျင့်ဖော်တို့ စောင့်သော မိန်းမ၊ အစောင့်အရှောက်ချထားသော မိန်းမ၊ ဒဏ်ထားသော မိန်းမအားဖြင့် ဆယ်မျိုး။

အစောင့်အရှောက်ချထားသော မိန်းမမည်သည် အမိဝမ်းတွင်း၌ပင် "ဤမိန်းမသည် ငါ၏ မယားတည်း"ဟု အယုတ်သဖြင့် ပန်းကုံးတိုင်စိုက်၍ သတ်မှတ်အပ်သော မိန်းမသည်လည်း အစောင့်ချထားသော မိန်းမ မည်၏။

ဒဏ်ထားသော မိန်းမ မည်သည် "အကြင်သူသည် ဤမည်သော မိန်းမကို သွားလာ၏၊ ထိုသူအား ဤမျှလောက် ဒဏ်တပ်စေ"ဟု အချို့ပုဂ္ဂိုလ်တို့က ဒဏ်ထားအပ်သော မိန်းမတည်း။ (စာ-၂၀၉)

၅-မေး။ ကိုယ်တိုင် တောင်းအပ်သော အရာဝတ္ထုဖြင့် ကျောင်းကို ဆောက်လုပ်စေရာ၌ ကျောင်းရာကို ကြားခြင်းငှာ ရဟန်းတို့ကိုလည်း မပင့်ဆောင်၊ အတိုင်းအတာပမာဏကိုလည်း ကျော်လွန်၍ ဆောက်လုပ်လျှင် သင့်ရောက်သော အာပတ်အဆင့်ဆင့်ကို ဖော်ပြ၍၊ ကျောင်းရာကို ကြားဖို့ရာ ရဟန်းတို့ကို ပင့်ဆောင်ရမည့် အစီအစဉ်ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ကျောင်းရာကို ကြားခြင်းငှာ ရဟန်းတို့ကိုသော်လည်း မပင့်ဆောင်ငြားအံ့၊ အတိုင်းအရှည်ပမာဏကိုသော်လည်း လွန်စေငြားအံ့ဟူသည် ဉ တ္တိဒုတိယကံဖြင့် ကျောင်းရာကို မကြားစေမူ၍ အလျားမှသော်လည်းကောင်း၊ အနံမှသော်လည်းကောင်း၊ အယုတ်သဖြင့် ဆံခြည်ဖျားမျှကိုလည်း လွန်စေ၍ (ကိုယ်တိုင်) ဆောက်လုပ်သည်ဖြစ်စေ၊ (သူတစ်ပါးကို) ဆောက်လုပ်စေသည်ဖြစ်စေ၊ လုံ့လပြုတိုင်း ဒုက္ကဋ်အာပတ်သင့်၏၊ တစ်ခုသော မြေစိုင်သို့ မရောက်မီ ထုလ္လစ္စည်းအာပတ် သင့်၏၊ ထိုနောက်ဆုံး မြေစိုင် ရောက်လတ်သော် သံဃာဒိသိသ်အာပတ် သင့်၏။ (စာ-၂၃၅။)

ကျောင်းရာကို ကြားခြင်းငှာ ရဟန်းတို့ကို ပင့်ဆောင်အပ်ကုန်၏ဟူသည် ထိုကျောင်းဆောက်လုပ်သော ရဟန်းသည် ကျောင်းရာကို သုတ်သင်၍၊ သံဃာသို့ ချဉ်းကပ်၍၊ လက်ဝဲတစ်ဖက် ပခုံးထက်၌ အပေါ်ရုံ 'ဧကသီ'ကို စံပယ်တင်၍၊ ကြီးကုန်သော ရဟန်းတို့၏ ခြေတို့ကို ရှိခိုး၍၊ ဆောင့်ကြောင့် ထိုင်လျက် လက်အုပ်ကို မြှောက်ချီပြီးလျှင် — "အသျှင်ဘုရားတို့. . . အကျွန်ုပ်သည် ကိုယ်တိုင်တောင်းအပ်သော အရာဝတ္ထုဖြင့် (ဆောက်လုပ်သူ ဒါယကာ) အရှင်မရှိသော မိမိဟူသော ရည်ညွှန်းအပ်သော ပုဂ္ဂိုလ်ရှိသော ကျောင်းကို ဆောက်လုပ် လိုပါသည်။ အသျှင်ဘုရားတို့. . . ထိုအကျွန်ုပ်သည် သံဃာကို ကျောင်းရာကြည့်ရန် တောင်းပန်ပါသည်"ဟု လျှောက်ရာ၏။

နှစ်ကြိမ်မြောက်လည်း တောင်းပန်ရမည်၊ သုံးကြိမ်မြောက်လည်း တောင်းပန်ရမည်။ (စာ-၂၃၂)

---

၆-မေး။ ခုနစ်နှစ်သားရဟန္တာ အရှင်ဒဗ္ဗသည် ဆိတ်ငြိမ်ရာသို့ ကပ်၍ တစ်ပါးတည်း ကိန်းအောင်းနေစဉ် ဖြစ်ပေါ်လာသော အကြံအစည်တို့ကို မြတ်စွာဘုရားအား လျှောက်ထားပုံနှင့် မြတ်စွာဘုရားက ပြန်လည်မိန့်ကြားပုံတို့ကို ဖော်ပြခဲ့ပါ။

ဖြေ။ "အသျှင်ဘုရား. . . ဆိတ်ငြိမ်ရာသို့ ကပ်၍ (တစ်ပါးတည်း) ကိန်းအောင်းနေစဉ် အကျွန်ုပ်အား ဖွားမြင်သည်မှ ခုနစ်နှစ်မျှသာရှိသေးသော ငါသည်ကား အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခဲ့ပြီ၊ (ငါသည်) တပည့်သာဝကတို့ ရောက်သင့်ရောက်ထိုက်သော အလုံးစုံသော တရားသို့ အစဉ်ရောက်ခဲ့ပြီ၊ ငါ့အား တစ်စုံတစ်ခုသော ရဟန်းကိစ္စ နောက်ထပ်ပြုဖွယ် မရှိတော့ပြီ၊ ပြုအပ်ပြီးသော တရားကိုလည်း ထပ်၍ ပွားများဖွယ် မရှိတော့ ပြီ။ ငါသည် သံဃာတော်၏ အဘယ်မည်သော အမှုကြီးငယ်ကို ပြုရပါအံ့နည်း"ဟု စိတ်အကြံအစည် ဖြစ်ပေါ်ပါသည်။

"အသျှင်ဘုရား. . . ထိုအကျွန်ုပ်အား 'ငါသည် သံဃာတော်၏ အိပ်ရာနေရာကိုလည်း ခင်းရမူ၊ ဆွမ်းတို့ကိုလည်း ညွှန်းရမူ၊ ကောင်းလေစွ'ဟု အကြံအစည် ဖြစ်ပါသည်၊ အသျှင်ဘုရား. . . အကျွန်ုပ်သည် သံဃာတော်၏ အိပ်ရာနေရာကိုလည်း ခင်းခြင်းငှာ ဆွမ်းတို့ကိုလည်း ညွှန်းခြင်းငှာ အလိုရှိပါသည်"ဟု (လျှောက်ထား၏။)

ဒဗ္ဗ. . . ကောင်းစွ ကောင်းစွ၊ ဒဗ္ဗ. . . သို့ဖြစ်လျှင် သင်သည် သံဃာတော်၏ အိပ်ရာနေရာကိုလည်း ခင်းလော့၊ ဆွမ်းတို့ကိုလည်း ညွှန်းလော့ဟု (ခွင့်ပြုတော်မူ၏)။

"ကောင်းပါပြီ အသျှင်ဘုရား"ဟု မလ္လမင်း၏သား အသျှင်ဒဗ္ဗသည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏။ (စာ-၂၅၈)

---

၇-မေး။ (က) မျက်စိဆိတ်ကွယ်ရာ၊ (ခ) နားဆိတ်ကွယ်ရာ၊ (ဂ) အကာအရံရှိသော နေရာတို့ကို ပထမအနိယတသိက္ခာပုဒ်အဖွင့်နှင့် အညီ သတ်မှတ်ပြ၍၊ သတို့သမီးနှင့်အတူ တစ်ယောက်ချင်းချင်း ဆိတ်ကွယ်ရာ၌ ထိုင်နေသော အရှင်ဥဒါယီကို မြင်၍ ပြောဆိုသော ဝိသာခါ၏ စကားတို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ မျက်စိဆိတ်ကွယ်ရာ မည်သည် မျက်စိမှိတ်ပြခြင်းကိုလည်းကောင်း၊ မျက်ခုံးချီပြခြင်းကိုလည်းကောင်း၊ ဦးခေါင်းညိတ်ပြခြင်းကိုလည်းကောင်း မြင်ခြင်းငှာ မစွမ်းနိုင်သော နေရာတည်း။

နှားဆိတ်ကွယ်ရာ မည်သည် ပကတိစကားကို ကြားခြင်းငှာ မစွမ်းနိုင်သော နေရာတည်း။

အကာအရံရှိသော နေရာမည်သည် နံရံဖြင့်သော်လည်းကောင်း၊ တံခါးရွက်ဖြင့်သော်လည်းကောင်း၊ ဖျာဖြင့်သော်လည်းကောင်း၊ တင်းတိမ် 'ကန့်လန့်ကာ'ဖြင့်သော်လည်းကောင်း၊ သစ်ပင်ဖြင့်သော်လည်းကောင်း၊ တိုင်ဖြင့်သော်လည်းကောင်း၊ ရိုင်ဖြင့်သော်လည်းကောင်း တစ်စုံတစ်ခုဖြင့် ဖုံးကွယ်အပ်သော နေရာတည်း။ (စာ-၃၀၃)

"အသျှင်ဘုရား. . . အသျှင်သည် မာတုဂါမနှင့် အတူ တစ်ယောက်ချင်းချင်း ဆိတ်ကွယ်ရာ၌ ထိုင်နေ၏၊ ဤအမှုသည် မလျော်ပါ၊ မသင့်တင့်ပါ၊ အသျှင်ဘုရား. . . အသျှင်သည် ထိုမေထုန်အကျင့်ကို အလိုရှိမည် မဟုတ်ပါ၊ သို့သော်လည်း မကြည်ညိုသူ လူတို့ကို ယုံကြည်စေရန် ခဲယဉ်းပါကုန်၏၊" (စာ-၃၀၅)

၈-မေး။ မြတ်စွာဘုရားသည် "အပိုသက်န်းကို ဆောင်သော ရဟန်းအား စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ်သင့်၏"ဟု ပညတ်ပြီးမှ တဖန် ဆယ်ရက်အပိုင်းအခြားကာလပတ်လုံး အပိုသက်န်းဆောင်ခြင်းငှာ ခွင့်ပြုရခြင်း အကြောင်းကို ဖော်ပြ၍၊ အပိုသက်န်းမည်သည် အဘယ်သို့သော သက်န်းဖြစ်ပါသနည်း ဖြေဆိုပါ။

ဖြေ။ ထိုအခါ အသျှင်အာနန္ဒာအား အပိုသက်န်း ဖြစ်ပေါ်လာ၏၊ အသျှင်အာနန္ဒာကလည်း ထိုသက်န်းကို အသျှင်သာရိပုတြာအား လှူလို၏၊ အသျှင်သာရိပုတြာသည်လည်း သာကေတမြို့၌ နေ၏၊ ထိုအခါ အသျှင်အာနန္ဒာအား "မြတ်စွာဘုရားသည် 'အပိုသက်န်းကို မဆောင်ရ'ဟု သိက္ခာပုဒ်ကို ပညတ်တော်မူအပ်၏၊ ငါ့အား ဤအပိုသက်န်းသည်လည်း ဖြစ်ပေါ်နေ၏၊ ငါကလည်း ဤသက်န်းကို အသျှင်သာရိပုတြာ အား လှူလို၏၊ အသျှင်သာရိပုတြာသည်လည်း သာကေတမြို့၌ နေ၏၊ ငါသည် အဘယ်သို့လျှင် ပြုကျင့်ရပါမည်နည်း"ဟု အကြံဖြစ်ပေါ်၏။

ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။

အာနန္ဒာ. . . သာရိပုတြာသည် မည်မျှကြာသောအခါ ပြန်လာမည်နည်းဟု (မေးတော်မူရာ)

မြတ်စွာဘုရား ကိုးရက်မြောက်သော နေ့၌သော်လည်းကောင်း၊ ဆယ်ရက်မြောက်သော နေ့၌သော်လည်းကောင်း (ပြန်လာပါလိမ့်မည်)ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကား ဟောကြားတော်မူ၍ "ရဟန်းတို့ ဆယ်ရက်အပိုင်းအခြား ကာလပတ်လုံး အပိုသက်န်း ဆောင်ခြင်းငှာ ခွင့်ပြုသည်"ဟု ရဟန်းတို့ကို မိန့်တော်မူ၏။

အပိုသက်န်း မည်သည် အဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြုအပ်သော (သက်န်းတည်း)။ (စာ-၃၁၀-၃၁၁)

၉-မေး။ ဘုရားရှင် ခွင့်ပြုတော်မူခဲ့သော ဆေးပစ္စည်းတို့ကို ဘေသဇ္ဇသိက္ခာပုဒ်အဖွင့်နှင့် အညီ ဖော်ပြ၍၊ ထိုဆေးတို့ကို အကပ်ခံပြီး ဘယ်နှစ်ရက် ထား၍ သုံးဆောင်နိုင်ပါသနည်း၊ သတ်မှတ်ကာလကို ကျော်လွန်က အဘယ်သို့ ကျင့်ဆောင်ရပါမည်နည်း ဖြေဆိုပါ။

ဖြေ။ ထောပတ်မည်သည် နွားထောပတ်သော်လည်းကောင်း၊ ဆိတ်ထောပတ်သော်လည်းကောင်း၊ ကျွဲထောပတ်သော်လည်းကောင်း အကြင်သတ္တဝါတို့၏ အသားသည် အပ်၏၊ ထိုသတ္တဝါတို့၏ ထောပတ်တည်း။

ဆီဦးမည်သည် ထိုသတ္တဝါတို့၏ ဆီဦးပင်တည်း။

ဆီမည်သည် နှမ်းဆီ၊ မုန်ညင်းဆီ၊ သစ်မည်စည်ဆီ၊ ကြက်ဆူဆီ၊ အမဲဆီတို့တည်း။

ပျားရည်မည်သည် ယင်ပျားရည်တည်း။

တင်လဲမည်သည် ကြံမှဖြစ်သော တင်လဲတည်း။

- ထိုဆေးတို့ကို အကပ်ခံ၍ ခုနစ်ရက်အပိုင်းအခြားကာလပတ်လုံး သိုမှီးသိမ်းဆည်းခြင်းကို ပြု၍ သုံးဆောင်ရမည်။

- ရှစ်ရက်မြောက် အရုဏ်တက်လတ်သော် စွန့်ခြင်း (ဝိနည်းကံ)ရှိ၏။ သံဃာအားသော်လည်းကောင်း၊ ဂိုဏ်းအားသော်လည်းကောင်း၊ ပုဂ္ဂိုလ်အားသော်လည်းကောင်း စွန့်ရမည်။ **(စာ-၃၈၅)**

---

**၁၀-မေး။** သင်္ကန်းနှင့် ကင်း၍နေသော်လည်း အာပတ်မသင့်ရာအခါတို့ကို သာသက်သိက္ခာပုဒ်နှင့် အညီ ဖော်ပြ၍၊ "အဘယ်၌ လှူရကုန်အံ့နည်း"ဟု စီစဉ်ပုံကိုလည်း ဖော်ပြခဲ့ပါ။

**ဖြေ။** ခြောက်ညဥ့်ပတ်လုံး ကင်း၍ နေအံ့၊ ခြောက်ညဥ့်အောက် ကင်း၍ နေအံ့၊ ခြောက်ညဥ့်ပတ်လုံးကင်း၍ နေပြီးနောက် တစ်ဖန် ဂါမသိမ် 'ရွာအပိုင်းအခြား'သို့ သက်၍ နေပြီးမှ ဖဲသွားအံ့၊ ခြောက်ညဥ့်အတွင်း ပစ္စုဒ္ဓိုရ်ပြုအံ့၊ စွန့်အံ့၊ ပျောက်အံ့၊ ပျက်အံ့၊ မီးလောင်အံ့၊ လုယူကုန်အံ့၊ အကျွမ်းဝင်၍ ယူကုန်အံ့၊ သမ္မုတိရငြားအံ့၊ အာပတ်မသင့်။ ရူးသော ရဟန်း၊ အစလက်ဦးလွန်ကျူးသော ရဟန်းအား အာပတ်မသင့်။ **(စာ-၄၀၁)**

- "အကြင်အရပ်၌ သင်တို့၏ လှူဖွယ်ဝတ္ထုသည် သုံးဆောင်ခြင်းကိုသော်လည်းကောင်း၊ ပြုခြင်းစီရင်ခြင်းကို သော်လည်းကောင်း ရရာ၏၊ ကြာမြင့်စွာတည်သည်လည်း ဖြစ်ရာ၏၊ ထိုအရပ်၌ လှူကုန်လော့ဟုသော် လည်းကောင်း၊ သို့မဟုတ် အကြင်အရပ်၌ သင်တို့၏ စိတ်သည် ကြည်လင်၏၊ ထိုအရပ်၌ လှူကုန်လော့" ဟု သော်လည်းဆိုအံ့၊ အာပတ်မသင့်။ **(စာ-၄၀၃)**

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၁) ဝိနယပိဋက

## ပါရာဇိကကဏ် ပါဠိတော် မြန်မာပြန် မေးခွန်းနှင့် အဖြေ

၁၃၇၈-ခုနှစ်၊ နယုန်လပြည့်ကျော် (၁) ရက်၊ (၂၁. ၆. ၂၀၁၆) အင်္ဂါနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

••••••••••••••••••••••••••••••••••••••••••••••••••

မေး၁။ သာသနာတော် ကြာမြင့်စွာ တည်ရန် ရည်ရွယ်ချက်ဖြင့် အရှင်သာရိပုတြာက မြတ်စွာဘုရားအား သိက္ခာပုဒ် ပညတ်ရန် လျှောက်ထားပုံနှင့် မြတ်စွာဘုရားက ပြန်လည် မိန့်ကြားပုံတို့ကို ဖော်ပြ၍၊ ဒေသစာရီကြွဖို့ ပန်ကြားသည့်အခါ ဝေရဥ္စပုဏ္ဏားက မြတ်စွာဘုရားအား လျှောက်ထားသော စကားတို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ထိုအခါ အသျှင်သာရိပုတြာသည် နေရာမှ ထ၍ လက်ဝဲတစ်ဖက် ပုခုံးထက်၌ ကိုယ်ဝတ်ကို စံပယ်တင်လျက် မြတ်စွာဘုရား ရှိတော်မူရာသို့ လက်အုပ်ချီ ရှိခိုး၍ မြတ်စွာဘုရားအား "ဤသာသနာတော် ကြာမြင့်စွာ တည်ရန် မြတ်စွာဘုရားသည် တပည့်တို့အား အကြင် သိက္ခာပုဒ်ကို ပညတ်တော်မူရာ၏၊ အကြင်ပါတိမောက်ကို ပြတော်မူရာ၏။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုသိက္ခာပုဒ်ကို ပညတ်တော်မူရန် အချိန်တန်ပါပြီ၊ ကောင်းသော စကားကို ဆိုတော်မူသော မြတ်စွာဘုရား ထိုပါတိမောက်ကို ပြတော်မူရန် အချိန်တန်ပါပြီ"ဟု လျှောက်၏။ [၃-မှတ်]

သာရိပုတြာ သင် ဆိုင်းငံ့ဦးလော့၊ သာရိပုတြာ သင် ဆိုင်းငံ့ဦးလော့၊ မြတ်စွာဘုရားသည်သာလျှင် ထို (သိက္ခာပုဒ် ပညတ်ခြင်း ပါတိမောက်ပြခြင်း)၌ အချိန်ကို သိတော်မူလိမ့်မည်၊ သာရိပုတြာ ဤ(သာသနာတော်)၌ အာသဝေါတရား လျှင် တည်ရာရှိကုန်သော အချို့သော (လွန်ကျူးမှု) တရားတို့သည် သံဃာ၌ ထင်ရှား မဖြစ်ပေါ်သေးသမျှ ကာလပတ်လုံး မြတ်စွာဘုရားသည် တပည့်တို့အား သိက္ခာပုဒ်ကို ပညတ်တော်မမူချေ၊ (အာဏာ) ပါတိမောက်ကို ပြတော်မမူချေ။

သာရိပုတြာ ဤ(သာသနာတော်)၌ အာသဝေါတရားလျှင် တည်ရှိရာကုန်သော အချို့သော (လွန်ကျူးမှု) တရားတို့ သည် သံဃာ၌ ထင်ရှားဖြစ်ပေါ်လာသောအခါ အာသဝေါတရားလျှင် တည်ရာရှိကုန်သော ထို(လွန်ကျူးမှု) တရား တို့ကို ပယ်ဖျောက်ခြင်းအကျိုးငှာသာလျှင် မြတ်စွာဘုရားသည် တပည့်တို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏၊ (အာဏာ) ပါတိမောက်ကို ပြတော်မူ၏။ [၃-မှတ်] [နှာ-၁၂]

အသျှင်ဂေါတမ မှန်ပါသည်၊ အကျွန်ုပ် ပင့်ဖိတ်အပ်သည်ဖြစ်၍ ဝါကပ်တော်မူခဲ့ပါသည်၊ သို့ရာတွင် လှူဖွယ်ဝတ္ထုကို မလှူရသေးပါ၊ ထို(လှူဖွယ်ဝတ္ထု)သည် မရှိသည်လည်း မဟုတ်ပါ၊ မပေးလှူလိုသည်လည်း မဟုတ်ပါ၊ လူ့ဘောင်၌ နေကုန်သော သူတို့သည် ပြုဖွယ်ကိစ္စ များပြားလှပါကုန်၏၊ ထိုပေးလှူခွင့်ကို အဘယ်မှာ ရနိုင်ပါမည်နည်း၊ အသျှင် ဂေါတမသည် မနက်ဖြန်အတွက် အကျွန်ုပ်၏ ဆွမ်းကို ရဟန်း သံဃာနှင့် အတူ လက်ခံတော်မူပါဟု (လျှောက်၏)။ [၄-မှတ်] [နှာ-၁၄]

မေး၂။ မြတ်စွာဘုရားရှင်သည် အဘယ်အကျိုးထူးတို့ကို ရည်ရွယ်၍ ရဟန်းတို့အား သိက္ခာပုဒ် ပညတ်တော်မူပါ သနည်း ဖြေဆိုပါ။

ဖြေ။ "ရဟန်းတို့ . . . သို့ဖြစ်လျှင်

(၁) သံဃာတော်၏ ကောင်းပါပြီဟု ဝန်ခံကျင့်သုံးရန်

(၂) သံဃာတော်များ ချမ်းသာစေရန်

(၃) အကျင့်သီလ ဖောက်ဖျက်သူတို့ကို နှိမ်နင်းရန်

(၄) အကျင့်သီလကို ချစ်မြတ်နိုးသော ရဟန်းတို့ ချမ်းသာစွာ နေနိုင်ရန်

(၅) မျက်မှောက်၌ ဖြစ်ကုန်သော ဆင်းရဲအထူးတို့ကို စောင့်စည်းရန်

(၆) နောင်ဖြစ်လတ္တံ့ကုန်သော ဆင်းရဲအထူးတို့ကို ပယ်ရှားရန်

(၇) မကြည်ညိုသေးသော သူတို့ကို ကြည်ညိုစေရန်

(၈) ကြည်ညိုပြီးသော သူတို့ကို တိုး၍ ကြည်ညိုစေရန်

(၉) သူတော်ကောင်းတရား 'သာသနာသုံးရပ်'တည်တံ့ရန်

(၁၀) ဝိနည်း 'စည်းမျဉ်းဥပဒေ'ကို ချီးမြှောက်ရန်-ဟူသော အကျိုးထူး ဆယ်ပါးတို့ကို အစွဲပြု၍ ရဟန်းတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူမည်"ဟု မိန့်တော်မူ၏။ [၁၀-မှတ်] [နှာ-၂၉]

---

မေး၃။ "အာနန္ဒာ. . . အဘယ်သို့နည်း၊ ရဟန်းအပေါင်းသည် နည်းပါးလေယောင်တကား"ဟု မိန့်တော်မူသော မြတ်စွာဘုရားအား အရှင်အာနန္ဒာက ဖြစ်သမျှအလုံးစုံ ပြန်လည်လျှောက်ထားပုံတို့ကို ဖော်ပြခဲ့ပါ။ (ဥပမာထည့်ရေးရန်မလို)

ဖြေ။ ဖြစ်သမျှအလုံးစုံကို အကုန်ပြန်ဆို လျှောက်ထားပါမည်၊ အသျှင်ဘုရား မြတ်စွာဘုရားသည် များစွာသောအကြောင်းဖြင့် ရဟန်းတို့အား အသုဘတရားစကားကို ဟောကြားတော်မူပါသည်၊ အသုဘကမ္မဋ္ဌာန်း၏ ဂုဏ်ကို ဟောတော်မူပါသည် အသုဘကမ္မဋ္ဌာန်း စီးဖြန်းပွားများခြင်း၏ ဂုဏ်ကို ဟောတော်မူပါသည်၊ ရည်ညွှန်း၍ ရည်ညွှန်း၍ အသုဘသမာပတ်၏ ဂုဏ်ကို ဟောတော်မူပါသည်။

အရှင်ဘုရား ထိုရဟန်းတို့သည် "မြတ်စွာဘုရားသည် များစွာသော အကြောင်းဖြင့် အသုဘတရားစကားကို ဟောတော်မူ၏၊ အသုဘကမ္မဋ္ဌာန်း၏ ဂုဏ်ကို ဟောတော်မူ၏၊ အသုဘကမ္မဋ္ဌာန်း စီးဖြန်းပွားများခြင်း၏ ဂုဏ်ကို ဟောတော်မူ၏၊ ရည်ညွှန်း၍ ရည်ညွှန်း၍ အသုဘသမာပတ်၏ ဂုဏ်ကို ဟောတော်မူ၏"ဟု များစွာသော အခြင်းအရာတို့ဖြင့် ပြွမ်းသော အသုဘကမ္မဋ္ဌာန်း စီးဖြန်းပွားများခြင်း၌ အစဉ်ကြိုးစားအားထုတ်လျက် နေကြပါကုန်သည် ထိုရဟန်းတို့သည် မိမိတို့ ခန္ဓာကိုယ်၌ ငြီးငွေ့ ရှက်နိုး စက်ဆုပ်ကြပါကုန်သည်။

ထိုရဟန်းတို့သည် မိမိတို့ ခန္ဓာကိုယ်၌ ငြီးငွေ့ ရှက်နိုး စက်ဆုပ်ကုန်ရကား မိမိတို့ ကိုယ်တိုင်လည်း မိမိတို့ ကိုယ်ကို အသက် 'ဇီဝိတိန္ဒြေ'မှ ချကြပါသည်၊ အချင်းချင်းလည်း အသက် 'ဇီဝိတိန္ဒြေ'မှ ချကြပါသည်။

မိဂလဏ္ဍိကရဟန်းယောင်သို့လည်း ချဉ်းကပ်၍ "ငါ့သျှင် တောင်းပန်ပါသည်၊ ငါတို့ကို အသက် 'ဇီဝိတိန္ဒြေ'မှ ချပါလော့ ဤသပိတ်သင်္ကန်းသည် သင်၏ သပိတ်သင်္ကန်း ဖြစ်ပါလိမ့်မည်"ဟု ပြောဆိုကြပါသည်။

အသျှင်ဘုရား ထိုအခါ မိဂလဏ္ဍိက ရဟန်းယောင်သည် သပိတ်သင်္ကန်းတို့ကို သတ်ခအဖြစ်ဖြင့် ရသည်ဖြစ်၍ ရဟန်းတစ်ပါးကိုလည်း တစ်ရက်တည်းဖြင့် သတ်ပါသည်။ပ။ ရဟန်းခြောက်ဆယ်တို့ကိုလည်း တစ်ရက်တည်းဖြင့် သတ်ပါသည်။ [၁၀-မှတ်] [နှာ-၉၁၊ ၉၂]

---

မေး၄။ ဂိဇ္ဈကုဋ်တောင်ပေါ်မှ ဆင်းလာစဉ် "ကောင်းကင်၌ သွားနေသော အရိုးစုပြိတ္တာကို မြင်ကြောင်း" ပြောဆိုသည့် အရှင်မောဂ္ဂလာန်ကို ကဲ့ရဲ့ကြသော ရဟန်းတို့အား မြတ်စွာဘုရား မိန့်ကြားတော်မူသည့် စကားတို့ကို ပြည့်စုံအောင် ဖော်ပြခဲ့ပါ။

ဖြေ။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ရဟန်းတို့ တပည့်သာဝကတို့သည် မျက်စိအမြင်ရှိကုန်သည်ဖြစ်၍ နေကြပေသည်တကား၊ ရဟန်းတို့ တပည့်သာဝကတို့သည် ဉာဏ်အမြင်ရှိကုန်သည်ဖြစ်၍ နေကြပေသည်တကား၊ အကြင်သို့သော တပည့်သာဝက စင်လျက် ဤသို့သော သတ္တဝါကို သိလည်း သိနိုင်တုံဘိ၏၊ မြင်လည်း မြင်နိုင်တုံဘိ၏၊ သက်သေကိုသော်လည်းကောင်း ပြုနိုင်တုံဘိ၏။

ရဟန်းတို့ ရှေးကပင် ထိုသတ္တဝါကို ငါဘုရားမြင်ခဲ့ဖူးပြီ၊ သို့သော်လည်း ငါသည် မပြောဆိုခဲ့ပေ၊ ငါသည် ထိုအကြောင်းကို ပြောဆိုခဲ့ပါမူ သူတစ်ပါးတို့သည် ငါ့အား မယုံကြည် နိုင်ကြပေရာ၊ ငါ့ကို မယုံကြည်သူတို့အား ထိုမယုံကြည်ခြင်းသည်

ကြာမြင့်စွာသော ကာလပတ်လုံး စီးပွားမဲ့ခြင်းငှာ ဆင်းရဲခြင်းငှာ ဖြစ်လေရာ၏၊ ရဟန်းတို့ ထိုသတ္တဝါတို့သည် ဤရာဇဂြိုဟ်မြို့၌ပင် နွားသတ် ယောက်ျားဖြစ်ခဲ့ဖူးလေပြီ၊ ထိုသတ္တဝါသည် ထိုကံ၏ အကျိုးဖြင့် များစွာသော နှစ်တို့ပတ်လုံး များစွာသော နှစ်အရာတို့ပတ်လုံး များစွာသော နှစ်အထောင်တို့ပတ်လုံး များစွာသော နှစ်အသိန်းတို့ ပတ်လုံး ငရဲ၌ ကျခဲ့၍ ထိုကံ၏ အကျိုးကြွင်းဖြင့်ပင် ဤသို့သော အတ္တဘောကို ရရှိခံစားနေရ၏၊ ရဟန်းတို့ မောဂ္ဂလာန်သည် အမှန်ကို ပြောဆိုပေသည်၊ ရဟန်းတို့ မောဂ္ဂလာန်အား အာပတ်မသင့်"ဟု (မိန့်တော်မူ၏)။

[၁၀-မှတ်] [နှာ-၁၄၈၊၁၄၉]

---

မေး၅။ ကာယသံသဂ္ဂသိက္ခာပုဒ်၊ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်တို့၌ လာသော မာတုဂါမ (မိန်းမ)အရတို့ကို ပြည့်စုံအောင် ဖော်ပြ၍၊ အဘယ်သို့ ပြုလုပ်ခြင်းကို "အောင်သွယ်ခြင်း"ဟု ဆိုပါသနည်း ဖြေဆိုပါ။

ဖြေ။ မာတုဂါမမည်သည် လူမိန်းမတည်း၊ ဘီလူး(နတ်)မ မဟုတ်၊ ပြိတ္တာမ မဟုတ်၊ တိရစ္ဆာန်မ မဟုတ်၊ အယုတ်ဆုံးအားဖြင့် ယနေ့မွေးဖွားသော သူငယ်မတည်း၊ အရွယ်ကြီးသော မိန်းမ၌ ဆိုဖွယ်ရာ မရှိသည်သာတည်း။

[၃-မှတ်] [နှာ-၁၇၈]

မိန်းမမည်သည် လူမိန်းမတည်း၊ ဘီးလူ(နတ်)မ မဟုတ်၊ ပြိတ္တာမ မဟုတ်၊ တိရစ္ဆာန်မ မဟုတ်၊ ကောင်း မကောင်း, ရုန့်ရင်း မရုန့်ရင်းသော စကားကို သိနားလည်နိုင်စွမ်းသော မိန်းမတည်း။ [၃-မှတ်] [နှာ-၁၉၂]

အောင်သွယ်မှုကို ပြုခြားအံ့ဟူသည် မိန်းမကစေခိုင်းအပ်သည် ဖြစ်၍မူလည်း ယောက်ျား၏ အထံသို့ သွား၏၊ ယောက်ျားက စေခိုင်းအပ်သည် ဖြစ်၍မူလည်း မိန်းမ၏ အထံသို့ သွား၏။ [၄-မှတ်] [နှာ-၂၀၈]

---

မေး၆။ အရှင်ဒေဝဒတ်သည် သံဃာကွဲပြားခြင်း, အာဏာစက်ပျက်ခြင်းကို ရှေးရှု၍ ဝတ္ထု ၅-မျိုး တောင်းဆိုသည့်အခါ မြတ်စွာဘုရားက အဘယ်သို့ မိန့်တော်မူပါသနည်း ဖြေဆို၍၊ အဘယ်သို့ ပြုခြင်းကို "ကွဲပြားခြင်းငှာ လုံ့လ ပြုခြင်း"ဟု ခေါ်ဆိုပါသနည်း ဖြေဆိုပါ။

ဖြေ။ ဒေဝဒတ် မသင့်လျော်ပေ၊ အကြင်ရဟန်းသည် အလိုရှိအံ့၊ (ထိုရဟန်းသည်) တောကျောင်းနေဖြစ်စေ၊ အကြင်ရဟန်းသည် အလိုရှိအံ့၊ (ထိုရဟန်းသည်) ရွာကျောင်းနေ ဖြစ်စေ။ အကြင်ရဟန်းသည် အလိုရှိအံ့၊ (ထိုရဟန်းသည်) ပိဏ္ဍပါတ်ဓုတင်ဆောင်ဖြစ်စေ၊ အကြင်ရဟန်းသည် အလိုရှိအံ့၊ (ထိုရဟန်းသည်) နိမန္တနဘတ်ကို လက်ခံစေ။ အကြင်ရဟန်းသည် အလိုရှိအံ့၊ (ထိုရဟန်းသည်) ပံသုကူဓုတင်ဆောင် ဖြစ်စေ၊ အကြင်ရဟန်းသည် အလိုရှိအံ့၊ ထိုရဟန်းသည် လူဒါယကာတို့ လှူသော သင်္ကန်းကို လက်ခံစေ။ ဒေဝဒတ် ငါသည် ရှစ်လတို့ပတ်လုံး သစ်ပင်ရင်း အိပ်ရာနေရာကို ခွင့်ပြုအပ်ပြီ။ မမြင်အပ် မကြားအပ် မရွံ့ရှာ 'မယုံမှား'အပ်သော အစွန်းသုံးပါးမှ စင်ကြယ်သော ငါးအမဲကို ခွင့်ပြုအပ်ပြီဟု (မိန့်တော်မူ၏။) [၆-မှတ်] [နှာ-၂၇၉]

ကွဲပြားခြင်းငှာ လုံ့လပြု ြားအံ့ဟူသည် အဘယ်သို့လျှင် ဤရဟန်းတို့သည် အစိတ်စိတ် အမြွာမြွာဖြစ်ပါကုန် မည်နည်း၊ အစေးမကပ် ဖြစ်ပါကုန် မည်နည်း၊ အစုအစု ဖြစ်ပါကုန်မည်နည်းဟု အသင်းအပင်းကို ရှာ၏၊ ဂိုဏ်းဂဏကို ဖွဲ့၏။

[၄-မှတ်] [နှာ-၂၈၁]

---

မေး၇။ "ထိုသို့သဘောရှိသော အာပတ်ဖြင့် ရဟန်းအချို့ကို နှင်ထုတ်ကုန်၏၊ ရဟန်းအချို့ကို နှင်မထုတ်ကုန်"ဟု ပြောဆိုသော ကုလဒူသကရဟန်းအား ရဟန်းကောင်းတို့က ပြောဆိုရမည့် စကားတို့ကို ဖော်ပြ၍ "အမျိုးတို့ကို ဖျက်ဆီးတတ်၏"ဟူသည် အဘယ်ပါနည်း ရှင်းပြပါ။

ဖြေ။ ထိုရဟန်းကို ရဟန်းတို့သည် 'အသျှင်သည် ဤသို့ မဆိုပါလင့်၊ ရဟန်းတို့သည် ဆန္ဒာဂတိသို့လည်း မလိုက်ကြပါ၊ ဒေါသာဂတိသို့လည်း မလိုက်ကြပါ၊ မောဟာဂတိသို့လည်း မလိုက်ကြပါ၊ ဘယာဂတိသို့လည်း မလိုက်ကြပါ၊ အသျှင်သည်သာ အမျိုးတို့ကို ဖျက်ဆီးတတ်၏၊ ယုတ်မာသော အကျင့်ရှိ၏၊ အသျှင်၏ ယုတ်မာသော အကျင့်တို့ကို မြင်လည်း မြင်အပ်ကုန်၏၊ ကြားလည်း ကြားအပ်ကုန်၏၊ အသျှင်သည် ဖျက်ဆီးအပ်ကုန်သော အမျိုးတို့ကိုလည်း မြင်လည်း မြင်အပ်ကုန်၏၊ ကြားလည်း ကြားအပ်ကုန်၏၊ အသျှင်သည် ဤကျောင်းတိုက်မှ ဖဲသွားပါလော့၊ အသျှင့်အား ဤကျောင်းတိုက်၌ နေခြင်းဖြင့် အကျိုးမရှိပါ'ဟု ဆိုရာ၏။ [၅-မှတ်]

အမျိုးတို့ကို ဖျက်ဆီးတတ်၏ဟူသည် ပန်းဖြင့်လည်းကောင်း၊ သစ်သီးဖြင့်လည်းကောင်း၊ ကသယ်မှုန့်(မျက်နှာချေစသည်) ဖြင့်လည်းကောင်း၊ မြေညက်ဖြင့်လည်းကောင်း၊ ဒန်ပူဖြင့်လည်းကောင်း၊ ဝါးဖြင့်လည်းကောင်း၊ ဆေးကုခြင်းဖြင့်လည်း ကောင်း၊ သလုံး(မြင်းခေါင်း)ဖြင့် အစေအပါးခံခြင်းဖြင့်လည်းကောင်း အမျိုးတို့ကို ဖျက်ဆီးတတ်၏။

[၅-မှတ်] [နှာ-၂၉၇]

မေး၈။ အပိုသင်္ကန်း (အတိရေကစီဝရ)ကို ဆယ်ရက်ကျော်အောင် ဆောင်ထားခြင်းကြောင့် စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ် သင့်သော ရဟန်းက ဂိုဏ်း, ပုဂ္ဂိုလ်တို့အထံ စွန့်သည့်အခါ ပြုလုပ်ရမည့် အစီအစဉ်တို့ကို ပြည့်စုံအောင် ဖော်ပြခဲ့ပါ။

ဖြေ။ ထိုရဟန်းသည် များစွာသော ရဟန်းတို့သို့ ချဉ်းကပ်ပြီးနောက် လက်ဝဲတစ်ဖက်ပခုံးထက်၌ အပေါ်ရုံ ဧကသီကို စံပယ်တင်ပြီးလျှင် ကြီးကုန်သော ရဟန်းတို့၏ ခြေတို့ကို ရှိခိုး၍ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက် "အသျှင်ဘုရားတို့. . . အကျွန်ုပ်၏ ဤသင်္ကန်းသည် ဆယ်ရက်ကို လွန်သည်ဖြစ်၍ စွန့်အပ်ပါသည်။ အကျွန်ုပ်သည် ဤသင်္ကန်းကို အသျှင်တို့အား စွန့်ပါ၏"ဟု ဆိုရမည်။ စွန့်ပြီးနောက် အာပတ်ကို ဒေသနာကြားရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် အာပတ်ကို ခံယူရမည်၊ စွန့်ပြီးသင်္ကန်းကို ပြန်ပေးရမည်။ [၅-မှတ်]

"အသျှင်ဘုရားတို့. . . အကျွန်ုပ်၏ (စကားကို) နာကုန်လော့၊ ဤမည်သော ရဟန်း၏ စွန့်ခြင်း (ဝိနည်းကံ)ရှိသော ဤသင်္ကန်းကို အသျှင်တို့အား စွန့်အပ်ပြီ၊ အသျှင်တို့အား လျောက်ပတ်သောအခါရှိသော ကံသည် ဖြစ်ငြားအံ့၊ အသျှင် တို့သည် ဤသင်္ကန်းကို ဤမည်သော ရဟန်းအား ပေးကုန်ရာ၏"ဟု (သိစေ၍ ပြန်ပေးရမည်။) [ဤစာပိုဒ်မပါလည်း အမှတ်မလျှော့]

ထိုရဟန်းသည် တစ်ပါးသော ရဟန်းသို့ ချဉ်းကပ်ပြီးနောက် လက်ဝဲတစ်ဖက် ပခုံးထက်၌ အပေါ်ရုံ ဧကသီကို စံပယ် တင်ပြီးလျှင် ဆောင့်ကြောင့် ထိုင်ကာ လက်အုပ်ချီလျက် "ငါ့သျှင်. . . အကျွန်ုပ်၏ ဤသင်္ကန်းသည် ဆယ်ရက်လွန် သည်ဖြစ်၍ စွန့်အပ်ပါသည်၊ အကျွန်ုပ်သည် ဤသင်္ကန်းကို အသျှင့်အား စွန့်ပါသည်"ဟု ဆိုရမည်။ စွန့်ပြီးနောက် အာပတ်ကို ဒေသနာ ကြားရမည်၊ ထိုရဟန်းသည် အာပတ်ကို ခံယူရမည်၊ စွန့်ပြီးသင်္ကန်းကို "အသျှင့်အား ဤသင်္ကန်းကို ပြန်ပေးပါသည်"ဟု ဆို၍ ပြန်ပေးရမည်။ [၅-မှတ်] [နှာ-၃၁၂]

မေး၉။ သင်္ကန်းလဲလှယ်ခွင့်ရှိသူတို့ကို ဖော်ပြ၍၊ မိုးရေခံသင်္ကန်းကို အလှူခံရာ၌ ပြောဆိုခွင့်ရှိသော စကား၊ ပြောဆိုခွင့် မရှိသော စကားတို့ကိုလည်း ခွဲခြား ဖော်ပြပါ။

ဖြေ။ "ရဟန်းတို့. . . ရဟန်း, ဘိက္ခုနီမ, သိက္ခမာန် သာမဏေ, သာမဏေမ-ဟူသော ဤသီတင်းသုံးဖော် ငါးဦးတို့၏ လဲလှယ်သော သင်္ကန်းကို ခံယူခြင်းငှာ ခွင့်ပြုသည်"ဟု မိန့်တော်မူ၏။ [၄-မှတ်][နှာ-၃၂၇]

ထိုလူတို့ထံသို့ ချဉ်းကပ်၍ "မိုးရေခံ သင်္ကန်း၏ အခါတည်း၊ မိုးရေခံသင်္ကန်း၏ အချိန်တည်း၊ အခြားသော သူတို့သည် လည်း မိုးရေခံသင်္ကန်းကို လှူကုန်၏"-ဟု ဆိုရာ၏။ [၃-မှတ်]

"ငါ့အား မိုးရေခံသင်္ကန်းကို လှူကြလော့၊ ငါ့အတွက် မိုးရေခံ သင်္ကန်းကို ဆောင်ခဲ့ကြလော့၊ ငါ့အတွက် မိုးရေခံ သင်္ကန်းကို ဖလှယ်ကြလော့၊ ငါ့အတွက် မိုးရေခံသင်္ကန်းကို ဝယ်ကြလော့"ဟု မဆိုရ။ [၃-မှတ်][နှာ-၃၈၇]

မေး၁၀။ (က) အခါမဲ့သင်္ကန်း၊ (ခ) သပိတ်အမျိုးအစား၊ (ဂ) သပိတ်အရွယ်အစား ၃-မျိုးတို့၌ ထည့်နိုင်သော ဆွမ်း, ခဲဖွယ်, ဟင်းလျာ-တို့၏ ပမာဏတို့ကို အသီးအသီး ဖော်ပြခဲ့ပါ။

ဖြေ။ (က) အခါမဲ့သင်္ကန်းမည်သည် ကထိန်မခင်းလျှင် တစ်ဆယ့်တစ်လအတွင်း၌ ဖြစ်ပေါ်သော သင်္ကန်းတည်း၊ ကထိန်ခင်းလျှင် ခုနစ်လအတွင်း၌ ဖြစ်ပေါ်သော သင်္ကန်းတည်း၊ သင်္ကန်းအခါ၌သော်လည်း ရည်ညွှန်း၍ လှူအပ်သော သင်္ကန်းတည်း၊ ဤ(ဆိုအပ်ပြီး)သည်ကား အခါမဲ့သင်္ကန်းမည်၏။ [၃-မှတ်][နှာ-၃၂၁]

(ခ) သပိတ်မည်သည် သံသပိတ်, မြေသပိတ်ဟု သပိတ်နှစ်မျိုးတို့တည်း။ [၂-မှတ်][နှာ-၃၇၃]

(ဂ) အကြီးစား ဥက္ကဋ္ဌသပိတ်မည်သည် ဆန်တစ်ခွက်ချက်ထမင်း၊ ၎င်း၏ လေးပုံတစ်ပုံ ခဲဖွယ်နှင့် ၎င်းအားလျော်သော ဟင်းလျာကို ယူနိုင်၏။

ရန်ကုန်မြို့

ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၁) ဝိနယပိဋက

## ပါရာဇိကဏ် ပါဠိတော် မြန်မာပြန် မေးခွန်းနှင့်အဖြေ

၁၃၇၉-ခုနှစ်၊ နယုန်လပြည့်ကျော် (၃) ရက်၊ (၁၂. ၆. ၂၀၁၇) တနင်္လာနေ့

ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

၁-မေး။ ဘုရားရှင်အပေါ် စွပ်စွဲပြစ်တင်သော ဝေရဉ္ဇာပုဏ္ဏားၡ၏ စတုတ္ထမြောက် စွပ်စွဲချက်နှင့် ဘုရားရှင်၏ တုန့်ပြန်ဖြေရှင်းချက်ကို ဖြေဆို၍၊ ဘုရားရှင် ဝါကပ်ချိန်က ဝေရဉ္ဇာမြို့၏ ထူးခြားချက်ကိုလည်း ဖြေဆိုပါ။

ဖြေ။ အရှင်ဂေါတမသည် မပြုထိုက်ဟူသောအယူ အကိရိယဝါဒရှိ၏။

- ပုဏ္ဏား. . . အကြင်သို့သော နည်းပရိယာယ်အားဖြင့် ရဟန်းဂေါတမသည် မပြုထိုက်ဟူသော အယူ အကရိယဝါဒရှိ၏ဟု ငါ့ကို ပြောဆိုမှု ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ်မျိုးသည် ရှိသည်သာလျှင်တည်း။ ပုဏ္ဏား. . . ငါသည် ကိုယ်ဖြင့် ပြုအပ်သော မကောင်းသောအကျင့် ကာယဒုစရိုက်ကိုလည်းကောင်း၊ နှုတ်ဖြင့်ပြုသော မကောင်းသောအကျင့် ဝစီဒုစရိုက်ကိုလည်းကောင်း၊ စိတ်ဖြင့်ပြုသော မကောင်းသောအကျင့် မနောဒုစရိုက်ကိုလည်းကောင်း မပြုထိုက်ဟု ဟော၏၊ များပြားသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို မပြုထိုက်ဟု ဟော၏၊ ပုဏ္ဏား ဤနည်းပရိယာယ်အားဖြင့် ရဟန်းဂေါတမသည် မပြုထိုက်ဟူသော အယူ အကရိယဝါဒရှိ၏ဟု ငါ့ကို ပြောဆိုမှုလည်း ပြောဆိုနိုင်ရာ၏၊ သင်(ပုဏ္ဏား)ရည်ရွယ်ပြောဆိုသော နည်းပရိယာယ်မျိုးကား (ငါတို့၌) မရှိသည်သာတည်း။ (၅-မှတ်)(မြန်။၃။)

- ထိုစဉ်အခါ ဝေရဉ္ဇာမြို့သည် အစာခေါင်းပါး၏၊ အသက်မွေးရန် ခဲရင်း၏၊ ဖွေးဖွေးဖြူသော အရိုးရှိ၏၊ စာရေးတံလက်မှတ်ဖြင့် အသက်မွေးရ၏၊ သပိတ်လက်စွဲ၍ ဆွမ်းခံခြင်းဖြင့် မျှတရန် မလွယ်ကူချေ။ (၅-မှတ်)(မြန်။၉။)

၂-မေး။ အရှင်သုဒိန်က ဖခင်သူဌေးကြီးအား ရွှေငွေတို့ကို မြစ်တွင်းသို့ သွန်ချခိုင်းရခြင်း၏ အကြောင်းကို ဖြေဆို၍ ရဟန်းအမျိုးအစားတို့တွင် နောက်ဆုံး ၆-ပါးတို့ကိုလည်း ဖြေဆိုပါ။

ဖြေ။ ထိုဥစ္စာရှိနေခြင်းဟူသောအကြောင်းကြောင့် သင့်အား ကြောက်ခြင်းသည်လည်းကောင်း၊ တုန်လှုပ်ခြင်းသည်လည်းကောင်း၊ ကြက်သီးမွေးညှင်းထခြင်းသည်လည်းကောင်း၊ စောင့်ရှောက်ရခြင်းသည်လည်းကောင်း ဖြစ်ရလိမ့်မည်၊ (မရှိခဲ့မူ) သင့်အား (ထိုကြောက်ခြင်းစသော အန္တရာယ်သည်) မဖြစ်နိုင်တော့ချေ၊ ထို့ကြောင့်ပင် ဖြစ်သည်။ (၄-မှတ်)(မြန်။၃။)

၁· သရဏဂုံသုံးပါးတို့ဖြင့် ပဉ္စင်းဖြစ်သောကြောင့် ရဟန်း၊

၂· ကောင်းသော သီလစသည်နှင့် ပြည့်စုံသောကြောင့် ရဟန်း၊

၃· သီလ-စသော အနှစ်ရှိသောကြောင့် ရဟန်း၊

၄· သိက္ခာကို ကျင့်ပြီးဖြစ်သောကြောင့် ရဟန်း၊

၅· သိက္ခာကို ကျင့်ဆဲဖြစ်သောကြောင့် ရဟန်း၊

၆· ညီညွတ်သော သံဃာသည် သိစေခြင်း ဉတ်လျှင် လေးကြိမ်မြောက်သော ကံဖြင့် မပျက်မကွက် မြတ်စွာဘုရား အဆုံးအမအား ထိုက်တန်စွာ ပဉ္စင်းဖြစ်စေအပ်သောကြောင့် ရဟန်းမည်၏။

(၆-မှတ်)(မြန်။၃။)

၃-မေး။ ဗိမ္ဗိသာရဘုရင်ကို လုပ်ကြံစားသလို ဖြစ်သွားသော အရှင်ဓနိယကြောင့် လူအပေါင်းတို့က ရဟန်းတို့အား ကဲ့ရဲ့ရှုတ်ချသော စကားရပ်တို့ကို ပြည့်စုံစွာ ဖြေဆိုပြ၍၊ ရဟန်းတော်များအား အဆိပ်လျှပ်ပြီး ရဟန်းနှင့် တောင်ပေါ်မှ ခုန်ချသော ရဟန်းတို့၏ ပြစ်ဒဏ်တို့ကိုလည်း ဆုံးဖြတ်ပြပါ။

ဖြေ။ ဤသာကီဝင်မင်းသား ဘုရားအနွယ်ဖြစ်ကုန်သော ရဟန်းတို့သည် အရှက်မရှိကုန်၊ သီလမရှိကုန်၊ မမှန်သည်ကို ဆိုလေ့ရှိကုန်၏၊ သို့စဉ်လျက် ဤရဟန်းတို့က တရားကို ကျင့်လေ့ရှိကုန်၏၊ ညီညွတ်မျှတသော အကျင့်ကို ကျင့်လေ့ရှိကုန်၏၊ မြတ်သည်ကို ကျင့်လေ့ရှိကုန်၏၊ အမှန်ကို ဆိုလေ့ရှိကုန်၏၊ သီလရှိကုန်၏၊ ကောင်းသော သဘောရှိကုန်၏ဟု ဝန်ခံကြတုံဘိ၏။ ဤရဟန်းတို့အား ရဟန်းအဖြစ် သူတော်သူမြတ်အဖြစ်သည် မရှိတော့ပြီ၊ ဤရဟန်းတို့အား ရဟန်းအဖြစ် သူတော်သူမြတ်အဖြစ်သည် ပျောက်ပျက်ခဲ့လေပြီ၊ ဤရဟန်းတို့အား အဘယ်မှာ ရဟန်းအဖြစ် သူတော်သူမြတ်အဖြစ်သည် ရှိမည်နည်း၊ ဤရဟန်းတို့သည် သူတော်သူမြတ်အဖြစ်မှ ကင်းကွာကုန်၏၊ ဤရဟန်းတို့သည် ဘုရင်ကိုသော်လည်း လှည့်စားကြသေး၏၊ အခြားလူများကိုကား အဘယ်ပြောဆိုဖွယ်ရာရှိအံ့နည်းဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြောဆိုကြကုန်၏။ (၇-မှတ်)(မြန်။၅၉။)

မသိသော ရဟန်း အာပတ်မသင့်။ (မြန်။၁၀၅။)

စမ်းသပ်လိုသော ရဟန်းအား ထုလ္လစဥ်းအာပတ်သင့်၏။ (မြန်။၁၀၅။)

ဒုက္ကဋ်အာပါတ်သင့်၏။ (မြန်။၁၀၇။)(၃-မှတ်)

၄-မေး။ သူခိုးကြီးငါးယောက်တို့တွင် ပဥ္စမသူခိုးကြီး၏ အကြံအစည်ကို ဖြေဆိုပြီး၊ "ပုထုဇဉ်ဆိုပါက ဒီလိုရောဂါမျိုး သည်းခံဖို့ မလွယ်ဘူး"ဟု ပြောဆိုသော ရဟန်းနှင့် "ငါသည်· ကာမဂုဏ်တို့ကို တားမြစ်အပ်ကုန်ပြီ"ဟု ပြောသော ရဟန်းတို့အား အပြစ်သင့်/မသင့်ကိုလည်း အာပတ်အမည်တပ် ဆုံးဖြတ်ပြပါ။

ဖြေ။ ငါသည် အဘယ်အခါ၌ တပည့်အရာအထောင် ခြံရံ၍ ရဟန်းတို့၏ ကောင်းသော အပြုအစု ခံလျက် အလေးပြုခံလျက် အမြတ်နိုးခံလျက် အပူဇော်ခံလျက် သင်္ကန်း ဆွမ်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ကို ရသည်ဖြစ်ရာ ရွာနိဂုံး မင်းနေပြည်တို့၌ ဒေသစာရီ လှည့်လည်ရပါအံ့နည်းဟု အကြံဖြစ်၏။ (၆-မှတ်)(မြန်။၁၁၈။)

- ထုလ္လစ္စည်းအာပတ်သင့်၏။ (၂-မှတ်)(မြန်။၁၄၆။)
- အာပတ်မသင့်။ (၂-မှတ်)(မြန်။၁၄၇။)

၅-မေး။ သံဃာဒိသေသ်မည်ပုံကို ဖြေဆိုပြီး၊ အရှင်ဥဒါယီ၏ တောကျောင်းအလှကို ပသာဒဖြစ်ဖွယ် ရေးသားပြခဲ့ပါ။

ဖြေ။ ထိုအာပတ်အတွက် သံဃာသာလျှင် ပရိဝါသ်ပေးရ၏၊ အရင်းသို့ ငင်ရ၏၊ မာနတ်ပေးရ၏၊ အဗ္ဘာန်သွင်းရ၏၊ နှစ်ပါး သုံးပါးသည်လည်းကောင်း၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည်လည်းကောင်း ပရိဝါသ်မပေးရ၏၊ အရင်းသို့ မငင်ရ၏၊ မာနတ်မပေးရ၏၊ အဗ္ဘာန်မသွင်းရ၏၊ ထို့ကြောင့် သံဃာဒိသေသ်ဟုဆိုအပ်၏၊ သံဃာဒိသေသ်ဟူသော အမည်သည် ထိုအာပတ်အပေါင်း၏ အမည်သာတည်း၊ ထို့ကြောင့်လည်း သံဃာဒိသေသ်ဟု ဆိုအပ်၏။ (၅-မှတ်)(မြန်။၁၅၈။)

ထိုအရှင်၏ ကျောင်းသည် အလွန်လှ၏၊ ရှုချင်စဖွယ်ကောင်း၏၊ စိတ်ကို ကြည်လင်စေတတ်၏၊ အလယ်၌ အခန်းရှိ၏၊ ထက်ဝန်းကျင်မှ စမြင်ဆောင်လှည့်ထား၏၊ ညောင်စောင်း ခုတင် အင်းပျဉ် ခုံရှည် ဘုံလျှို ခေါင်းအုံးကို ကောင်းစွာ ခင်းကျင်းထား၏၊ သောက်ရေ သုံးရေ တည်ထား၏၊ ပရိဝုဏ်ကို ကောင်းစွာ တံမျက်စည်းလှည်းထား၏။ (၅-မှတ်)(မြန်။၁၇၆။)

၆-မေး။ ဒုဋ္ဌုလ္လသိက္ခာပုဒ်လာ တောင်းခြင်းနှင့် တောင့်တခြင်းတို့ကို ဖြေဆို၍၊ သီလရှိသောသူ၊ မြတ်သော အကျင့်ကို ကျင့်သောသူ၊ ကောင်းသော သဘောရှိသူတို့ကို ခွဲခြားဖြေဆိုပါ။

ဖြေ။ "ငါ့အား ပေးလော့၊ ငါ့အား ပေးထိုက်၏"ဟု ဆို၏။ (၂-မှတ်)(မြန်။၁၉၂။)

"အဘယ်အခါ၌ သင်၏ မိခင်သည် ကြည်ဖြူလိမ့်မည်နည်း၊ အဘယ်အခါ၌ သင်၏ ဖခင်သည် ကြည်ဖြူလိမ့်မည်နည်း၊ အဘယ်အခါ၌ သင်၏ နတ်တို့သည် ကြည်ဖြူလိမ့်မည်နည်း၊ အဘယ်အခါ၌ အချိန်ကောင်း အခါကောင်း အခွင့်ကောင်းဖြစ်လိမ့်မည်နည်း၊ အဘယ်အခါ၌ သင်၏ မေထုန်အကျင့်ကို ရအံ့နည်း"ဟု တောင့်တ၏။ (၂-မှတ်)(မြန်။၁၉၂။)

သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော မပေးသော ဥစ္စာကို ယူခြင်းမှ ရှောင်ကြဉ်သော အမှား ပြောခြင်းမှ ရှောင်ကြဉ်သောသူ။ (၂-မှတ်)(မြန်။၁၉၉။)

မေထုန်အကျင့်မှ ရှောင်ကြဉ်သော ပုဂ္ဂိုလ်။ (၂-မှတ်)(မြန်။၁၉၉။)

ထိုအကျင့်သီလအားဖြင့်လည်းကောင်း၊ ထိုမြတ်သောအကျင့်အားဖြင့်လည်းကောင်း ကောင်းသော တရားရှိသူ။ (၂-မှတ်)(မြန်။၁၉၉။)

● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ●

၇-မေး။ မယား ၁၀-မျိုးတို့တွင် နောက် ၅-မျိုးကို ဖြေဆိုပြီး၊ ရဟန်းတို့အား မပင့်မဖိတ် နေရာမညွှန်ပြစေဘဲ ကျောင်းဆောက်လုပ်သော်လည်း အာပတ်မသင့်သော ရဟန်းတို့ကို ထုတ်ပြခဲ့ပါ။

ဖြေ။ ၁. ခေါင်းခုကို ချ၍ နေသောမယား၊

၂. ကျွန်မလည်းဟုတ် မယားလည်းဟုတ်သော မယား၊

၃. အလုပ်သမားမ အစေခံမလည်းဟုတ် မယားလည်းဟုတ်သော မယား၊

၄. သုံ့ပန်းမယား၊

၅. အခိုက်အတန့်မယား။ (၅-မှတ်)(မြန်။ ၂၀၉-၂၁၀။)

★ လိုဏ်၊ ဂူ၊ မြက်မိုးကျောင်း၊ အခြားသူ၏အလို့ငှာ ဆောက်လုပ်အပ်သော နေအိမ်ကိုထား၍ အားလုံးတို့၌ အာပတ်မသင့်၊ ရူးသောရဟန်း၊ အစလက်ဦးကျူးလွန်သော ရဟန်း။

(၅-မှတ်)(မြန်။ ၂၄၉။)

၈-မေး။ ဝိသာခါ၏ ဂုဏ်ရည်တို့ကို ဖြေဆိုပြီး၊ ဖုံးကွယ်အပ်သော (နေရာဟု) လာရှိရာ ဖုံးကွယ်ကြောင်း ဝတ္ထုတို့ကို ဖော်ပြကာ၊ ယုံကြည်ထိုက်သော စကားရှိသူမ-ဟူသည် အဘယ်နည်း? ဖြေဆိုပြပါ။

ဖြေ။ များသော သားသမီးရှိ၏၊ များသော မြေးမြစ်ရှိ၏၊ ရောဂါကင်းသော သားသမီးရှိ၏၊ ရောဂါကင်းသော မြေးရှိ၏၊ အလွန်မင်္ဂလာရှိသော မိန်းမဟု သမုတ်အပ်၏၊ လူတို့သည် ယဇ်ပွဲ ပျော်ပွဲ အခါပွဲတို့၌ မိဂါရမာတာမည်သော ဝိသာခါကို ရှေးဦးစွာ ကျွေးမွေးကြကုန်၏။ (၄-မှတ်)(မြန်။၃၀၁။)

နံရံဖြင့်သော်လည်းကောင်း၊ တံခါးရွက်ဖြင့်သော်လည်းကောင်း၊ ဖျာဖြင့်သော်လည်းကောင်း၊ တင်းတိမ်ကန့်လန့်ကာဖြင့်သော်လည်းကောင်း၊ သစ်ပင်ဖြင့်သော်လည်းကောင်း၊ တိုင်ဖြင့်သော်လည်းကောင်း၊ တစ်စုံတစ်ခုဖြင့် မဖုံးကွယ်အပ်သော နေရာတည်း။ (၂-မှတ်)(မြန်။၃၀၃။)

သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ပြီးသော သစ္စာလေးပါးကို ထိုးထွင်း၍ သိပြီးသော သိက္ခာသုံးပါးကို ကျင့်သုံးပြီးသော သူမ။ (၂-မှတ်)(မြန်။၃၀၃။)

၉-မေး။ ကုန်သည်အဖွဲ့၌ သက်န်းထားပြီး ပြုကျင့်ရမည့်ဝတ်ကို ဖြေဆို၍၊ ဝတ်ထားသော သင်္ကန်း အလုခံရပါက မည်ကဲ့သို့ ဖြေရှင်းရမည်နည်း? ဖြေဆိုပြခဲ့ပါ။

ဖြေ။ ကုန်သည်အမျိုးတစ်မျိုး၏ လှည်းဝိုင်းဖြစ်၍ ကုန်သည်လှည်းဝိုင်း၌ သင်္ကန်းကိုထားလျှင် ရှေ့နောက် ခုနစ်အဗ္ဘန္တရကို မစွန့်ရ၊ နံဘေးမှ အဗ္ဘန္တရကို မစွန့်ရ။ (၂-မှတ်)(မြန်။၃၁၈။)

အထူးထူးသော အမျိုး၏ ကုန်သည်လှည်းဝိုင်းဖြစ်၍ ကုန်သည်လှည်းဝိုင်း၌ သင်္ကန်းကို ချထားသော် ဟတ္ထပါသ်ကို မစွန့်ရ။ (၂-မှတ်)(မြန်။၃၁၈။)

အလုခံရသော ရဟန်းသည် ဆွေမျိုးမတော်စပ်သော အိမ်ရှင်ကိုသော်လည်းကောင်း၊ အိမ်ရှင်မကို သော်လည်းကောင်း သင်္ကန်းတောင်းခြင်းငှာ ခွင့်ပြုသည်။

အကြင်ကျောင်းတိုက်သို့ ရှေးဦးစွာ ကပ်ရောက်၏၊ အကယ်၍ ထိုကျောင်းတိုက်၌ သံဃာ၏ ကျောင်းပိုင် သင်္ကန်းသော်လည်းကောင်း၊ အပေါ်လွှမ်းအခင်းသော်လည်းကောင်း၊ မြေအခင်းသော် လည်းကောင်း၊ ဘုံလျှိုရေ အစွပ်သော်လည်းကောင်း ရှိအံ့၊ ယူ၍ သင်္ကန်းရသောအခါ ပြန်ထားမည်ဟု နှလုံးပြု၍ ဝတ်ရုံခြင်းငှာ ခွင့်ပြု၏။

အကယ်၍ သံဃာ၏ ကျောင်းပိုင်သင်္ကန်းသော်လည်းကောင်း၊ အပေါ်လွှမ်းအခင်းသော်လည်းကောင်း၊ မြေအခင်းသော်လည်းကောင်း၊ ဘုံလျှိုရေအစွပ်သော်လည်းကောင်း မရှိအံ့၊ မြက်ဖြင့်သော်လည်း ကောင်း၊ သစ်ရွက်ဖြင့်သော်လည်းကောင်း ဖုံးလွှမ်း၍ လာရမည်။ (၆-မှတ်)(မြန်။၃၃၁။)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

၁၀-မေး။ ရွှေငွေကို အလျှုခံမိ၍ နိဿဂ္ဂိထိုက်သော ရဟန်းတစ်ပါးအနေဖြင့် ပြုလုပ်ရမည့် စွန့်ပုံ စွန့်နည်း ဝတ္တရားများကို အပြည့်အစုံ ဖြေဆိုပါ။

ဖြေ။ ထိုရွှေငွေခံသော ရဟန်းသည် သံဃာသို့ ချဉ်းကပ် လက်ဝဲတစ်ဖက်ပခုံးထက်၌ ဧကသီကို စမွါယ်တင်၍ ကြီးကုန်သော ရဟန်းတို့၏ ခြေတို့ကို ရှိခိုးပြီးလျှင် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက် အရှင်ဘုရားတို့ ကျွန်ုပ်သည် ရွှေငွေကို ခံယူမိပါ၏၊ ဤအကျွန်ုပ်၏ ရွှေငွေသည် စွန့်ခြင်း ဝိနည်းကံရှိပါသည်၊ ကျွန်ုပ်သည် ဤရွှေငွေကို သံဃာတော်အား စွန့်ပါသည်ဟု ဆိုရာ၏၊ စွန့်ပြီးနောက် အာပါတ်ကို ဒေသနာကြားရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် အာပါတ်ကို ခံယူရမည်။

အကယ်၍ ထိုအရပ်သို့ အရံစောင့်သော်လည်းကောင်း၊ ဥပါသကာသော်လည်းကောင်း လာအံ့၊ ထိုသူ့ကို ငါ့ရှင် ဤရွှေငွေကို သိလော့ဟု ပြောရမည်၊ အကယ်၍ ထိုသူသည် ဤရွှေငွေဖြင့် အဘယ်အရာကို ဆောင်လာပါရမည်နည်းဟု ဆိုအံ့၊ ဤမည် ဤမည်သော အရာကို ဆောင်ခဲ့ဟု မဆိုရ။ ထောပတ်ကိုသော်လည်းကောင်း၊ ဆီကိုသော်လည်းကောင်း၊ ပျားရည်ကိုသော်လည်းကောင်း၊ တင်လဲကိုသော်လည်းကောင်း အပ်စပ်သည်ကို ပြောရမည်။ အကယ်၍ ထိုသူသည် ထိုရွှေငွေဖြင့် လဲလှယ်၍ အပ်စပ်သည်ကို ဆောင်ခဲ့အံ့၊ ရွှေငွေခံယူသော ရဟန်းကိုထား၍ ရဟန်းအားလုံးတို့ပင် သုံးဆောင်အပ်၏။ (၁၀-မှတ်)(မြန်။၃၆၃။)

(မှတ်ချက်)။ ။ အောက်ပါတို့ကို ဆက်ပြေပါကလည်း အမှတ်မလျော့ရ။

အကယ်၍ ထိုသို့ရွှေငွေ လဲလှယ်မည့်သူကို ရအံ့၊ ဤသို့ရခြင်းသည်ကောင်း၏၊ အကယ်၍ မရအံ့၊ ထိုသူ့ကို ဒါယကာ ဤရွှေငွေကို စွန့်ပစ်လော့ဟု ပြောရမည်၊ ထိုသူသည် အကယ်၍ စွန့်ပစ်အံ့၊ ဤသို့ စွန့်ပစ်ခြင်းသည် ကောင်း၏။

အကယ်၍ မစွန့်ပစ်အံ့၊ အင်္ဂါငါးပါးတို့နှင့် ပြည့်စုံသော ရဟန်းကို ရွှေငွေစွန့်ရဟန်းဟု သမုတ်ရမည်၊ ၎င်းရဟန်းသည် ဆန္ဒာဂတိသို့ မလိုက်ရ၊ ဒေါသာဂတိသို့ မလိုက်ရ၊ မောဟာဂတိသို့ မလိုက်ရ၊ ဘယာဂတိသို့ မလိုက်ရ၊ စွန့်အပ် မစွန့်အပ်ကိုလည်း သိရာ၏၊ ရဟန်းတို့ ဤသို့ သမုတ်ရမည်။

သမုတိရပြီးသော ထိုရဟန်းသည် အမှတ်နိမိတ်ကို မပြုဘဲ ကျစေရမည်၊ စွန့်ပစ်ရမည်၊ အကယ်၍ အမှတ်နိမိတ်ကို ပြု၍ ကျစေအံ့၊ စွန့်ပစ်အံ့၊ ဒုက္ကဋ်အာပါတ်သင့်၏။

# ၁၃၈၀ /2018 ခုနှစ်

## အုပ်စု (၁) ပါရာဇိကဏ်ပါဠိတော် မြန်မာပြန် မေးခွန်း+အဖြေလွှာ

၁။ လူ့ဘဝဖြင့်သာ စည်းစိမ်တို့ကို ခံစား၍ ကုသိုလ်ကောင်းမှုပြုပါရန် ပိုင်ဆိုင်သမျှပစ္စည်းများဖြင့် မြူဆွယ်ပြောဆိုလာသော ခမည်းတော်အား အရှင်သုဒိန် ပြန်လည်တုံ့ပြန်ပြောဆိုသော စကားရပ်ကို ပါဠိတော်လာအတိုင်း ရေးသား၍၊ အဘယ်ကို မေထုန်အကျင့်ဟု ခေါ်ပါသနည်း? ဖြေဆိုခဲ့ပါ။

၁။ အဖြေ=

ခမည်းတော်အား အရှင်သုဒိန် ပြည်လည်တုံ့ပြန်ပြောဆိုသော စကားရပ်--

ဒါယကာ သို့ဖြစ်လျှင် သင်သည် ပိုက်ဆံလျှော်အိတ်ကြီးကြီးတို့ကို ချုပ်စေပြီးလျှင် ရွှေငွေအပြည့်ထည့်၍ လှည်းတို့ဖြင့် ထုတ်ဆောင်ကာ ဂင်္ဂါမြစ်လယ် ရေအယဉ်၌ ပစ်ချလိုက်လော့၊ ထိုသို့ အဘယ့်ကြောင့် ပြုလုပ်စေရသနည်းဆိုသော် ဒါယကာ ထို(ဉစ္စာရှိနေခြင်းဟူသော)အကြောင်းကြောင့် သင့်အား ကြောက်ခြင်းသည်လည်းကောင်း တုန်လှုပ်ခြင်းသည် လည်းကောင်း ကြက်သီးမွေးညင်းထခြင်းသည် လည်းကောင်း စောင့်ရှောက်ရခြင်းသည်လည်းကောင်း ဖြစ်ရလိမ့်မည်၊ (မရှိခဲ့မူ) သင့်အား ထို(ကြောက်ခြင်းစသော) အန္တရာယ်သည် မဖြစ်နိုင်တော့ပြီ ထို့ကြောင့်ပင်ဖြစ်သည်ဟု ပြော၏။ (ဝိ ၁- ၂၃) (၆-မှတ်)

မေထုန်အကျင့်ကား--

မေထုန်အကျင့်မည်သည် အကြင့်အကျင့်သည် မသူတော်တို့၏ အကျင့်ဖြစ်၏၊ ရပ်ရွာနေသူလူတို့၏ အကျင့်ဖြစ်၏၊ သူယုတ်တို့၏ အကျင့်ဖြစ်၏၊ ရုန့်ရင်းကြမ်းတမ်း၏၊ ရေဆေးခြင်းကိစ္စလျှင် အဆုံးရှိ၏၊ (လူမြင်လျှင် မတင့်တယ်၍) မကွယ်ရာ၌ ပြုအပ်၏၊ အစုံစုံတွဲ၍ ပြုကျင့်ရ၏၊ ဤအကျင့်သည် မေထုန်အကျင့်မည်၏၊ (ဝိ ၁-၃၈) (၄-မှတ်)

၂။ ရေ၌ ပေါက်ရောက်ဖြစ်ပေါ်လာသော ဘဏ္ဍာတို့ကို စာရင်းပြုစုပြ၍၊ သူတစ်ပါး၏ တစ်မတ်ထိုက်သော ပစ္စည်းကို မိမိလက်ဖြင့်ဆောင်ယူလာစဉ် ခိုးသောရဟန်းအား အာပတ်သင့်ချိန်တို့ကို ဖော်ပြကာ၊ ဥစ္စာစောင့်တို့၏ ပစ္စည်းကို ခိုးယူပါက ပါရာဇိကကျ မကျကိုလည်း ဆုံးဖြတ်ပြခဲ့ပါ။

၂။ အဖြေ==

ရေ၌ပေါက်ရောက်ဖြစ်ပေါ်လာသော ဘဏ္ဍာကား--

၁၊ ဥပ္ပလကြာ ၂။ ပဒုမ္မာကြာ ၃။ပုဏ္ဍရိတ်ကြာ ၄။ ကြာစွယ် ၅။ ငါး ၆။လိပ် တို့ဖြစ်ပါသည်။(ဝိ-၇၃) (၄-မှတ်)

သူတစ်ပါး၏ တစ်မတ်ထိုက်သော ပစ္စည်းကို မိမိလက်ဖြင့် ဆောင်ယူလာစဉ် ခိုးသောရဟန်းအား အာပတ်သင့်ချိန်ကား--

လက်ဆွဲဝန်ကို ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ မြေ၌ ချအံ့၊ ပါရာဇိကအာပတ်သင့်၏။ (၂-မှတ်)

ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ မြေမှ ကောက်ယူအံ့၊ ပါရာဇိကအာပတ်သင့်၏။ (ဝိ ၁- ၆၆) (၂-မှတ်)

ဥစ္စာစောင့်တို့၏ ပစ္စည်းကို ခိုးယူပါက ပါရာဇိကကျ/မကျ-

(ပြိတ္တာသိမ်းဆည်းထားသော ဥစ္စာ၌ အာပတ်မသင့်ဟု ဟောတော်မူသောကြောင့်) ပါရာဇိကမကျပါ။(ဝိ ၁-၇၃)

(၂-မှတ်)

၃။ အာနာပါနဿတိ သမာဓိကို ပွားများပါက ရရှိမည့်အကျိုးတရားတို့ကို ဥပမာနှင့်တကွ ဖော်ပြ၍၊ တတိယပါရာဇိက သိက္ခာပုဒ်လာ ဓမ္မာရုံကို အနီးသို့ဆောင်ယူရာ၌ အာပတ်သင့်ပုံတို့ကိုလည်း အစဉ်တကျ ဖြေဆိုပါ။

၃။ အဖြေ==

အာနာပါနဿတိ သမာဓိကို ပွားများပါက ရရှိမည့်အကျိုးတရားတို့ကို ဥပမာနှင့်တကွ ဖြေဆိုပုံကား--

ရဟန်းတို့ ဥပမာသော်ကား နွေလတို့၏ နောက်ဆုံးလ၌ အထက်သို့ လွင့်တက်သောမြူမှုန်ကို အခါမဲ့မိုးကြီးသည် တစ်ခဏခြင်း ကွယ်ပျောက် ငြိမ်းအေးစေနိုင်သကဲ့သို့ ဤအတူပင် ရဟန်းတို့ ဤအာနာပါနဿတိ သမာဓိသည် ပွားများလေ့ လာအပ်သည်ရှိသော် ငြိမ်းလည်းငြိမ်းအေး၏၊ မွန်လည်းမွန်မြတ်၏၊ သွန်းလောင်းစရာလည်းမ ချမ်းသာသောနေရာလည်း ဖြစ်၏၊ ဖြစ်တိုင်းကုန်သော အကုသိုလ်တရားတို့ကို တခဏခြင်း ကွယ်ပျောက် ငြိမ်းအေးစေနိုင်၏။ (ဝိ ၁-၉၂) (၅-မှတ်)

တတိယပါရာဇိကသိက္ခာပုဒ်လာ ဓမ္မာရုံကို အနီးသို့ ဆောင်ယူရာ၌ အာပတ်သင့်ပုံ--

"ဤစကားကို ကြားသော် လန့်၍ သေလိမ့်မည်" ဟု ငရဲ၌ဖြစ်ထိုက်သူအား ငရဲနှင့်စပ်သော စကားကို ပြောအံ့၊ ဒုက္ကဋ်အာပတ်သင့်၏၊ ထိုစကားကို ကြား၍ လန့်အံ့၊ ထုလ္လစ္စည်းအာပတ်သင့်၏၊ ပါရာဇိကအာပတ်မသင့်။ (၂ မှတ်)

"ဤစကားကို ကြားသော် နတ်ပြည်၌ နလုံးသွင်း၍ သေလိမ့်မည်"ဟု ကောင်းမှုရှင်အား နတ်ရွာနှင့်စပ်သော စကားကို ပြောအံ့၊ ဒုက္ကဋ်အာပတ်သင့်၏၊ (ထိုစကားကို ကြား၍ နတ်ပြည်၌ နလုံးသွင်းလျက် သေတော့အံ့ ဟု ဒုက္ခဝေဒနာကို ဖြစ်စေအံ့၊ ထုလ္လစ္စည်းအာပတ်သင့်၏၊ သေအံ့၊ ပါရာဇိကအာပတ်သင့်၏။( ဝိ ၁-၁၀၂)

(၃-မှတ်)

၄။ ရပ်ရွာ၌ ကောက်ကျစ်စဉ်းလဲသူ တရားသူကြီး, နတ်ကတော်တို့ ခံစားရမည့်အပြစ်ကို စတုတ္ထ ပါရာဇိကဌ် လာရှိ သည့်အတိုင်း ဖော်ပြ၍၊ ဆံထုံး၏ အဓိပ္ပါယ်ကိုလည်း ပဒဘာဇနီလာအတိုင်း ဖြေဆိုခဲ့ပါ။

၄။ အဖြေ==

ရပ်ရွာ၌ ကောက်ကျစ်စဉ်းလဲသူ တရားသူကြီး ခံစားရမည့် အပြစ်ကား--

ကောင်းကင်၌ သွားသော အိုးပမာဏဝှေးစေ့ရှိသော ယောကျ်ားသည် သွားသော်လည်း အိုးဝှေးစေ့တို့ကို သာလျှင် တင်၍ သွားရ၏၊ ထိုင်သော်လည်း ထိုးဝှေးစေ့တို့၌သာလျှင် ထိုင်ရ၏၊ ထိုယောကျ်ားကို လင်းတ.ကျီးငှက်. စွန်ရဲတို့သည် လိုက်၍လိုက်၍ ထိုးဆိတ်ကုန်၏၊ ဆိတ်ဆွဲဖောက်ခွဲကုန်၏၊ ထိုယောကျ်ားသည် နာကျင်သော အသံကို ပြု၏။ (ဝိ ၁-၁၅၀)

(၃-မှတ်)

နတ်ကတော်တို့ ခံစားရမည့် အပြစ်ကား--

ကောင်းကင်၌ သွားသော အနံ့မကောင်းသော အရုပ်ဆိုးသော မိန်းမကို လင်းလ.ကျီးငှက်. စွန်ရဲတို့သည် လိုက်၍လိုက်၍ ထိုးဆိတ်ကုန်၏၊ ဆိတ်ဆွဲဖောက်ခွဲကုန်၏၊ ထိုမိန်းမသည် နာကျင်သော အသံကို ပြု၏။

(ဝိ ၁-၁၅၀)

(၂-မှတ်)

ဆံထုံးအဓိပ္ပါယ်ကား--

ဆံထုံးမည်သည် ဆံပင်သက်သက်တို့သည်လည်းကောင်း၊ ချည်နှင့်ရောသော ဆံပင်တို့သည်လည်းကောင်း၊ ပန်းနှင့်ရောသော ဆံပင်တို့သည်လည်းကောင်း၊ ငွေနှင့်ရောသော ဆံပင်တို့သည်လည်းကောင်း၊ ရွှေနှင့်ရောသော ဆံပင်တို့သည်လည်းကောင်း၊ ပုလဲသွယ်နှင့်ရောသော ဆံပင်တို့သည်လည်းကောင်း၊ ပတ္တမြားနှင့်ရောသော ဆံပင်တို့သည်လည်းကောင်း(ဆံထုံးမည်၏)

(ဝိ ၁-၁၇၈)

(၅-မှတ်)

၅။ သဥ္စရိတ္တသိက္ခာပုဒ်လာ မယား (၁၀)မျိုးတွင် ရှေ့ (၅)မျိုးကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြ၍၊ ၎င်း သိက္ခာပုဒ်၌ အာပတ် ဆုံးဖြတ်ပေးနိုင်သော အင်္ဂါရပ်နှင့်စပ်လျဉ်း၍၊ ထုလ္လစဥ်းအာပတ်သင့်စေနိုင်သော အောင်သွယ်နည်းတို့ကို ဖြေဆိုခဲ့ပါ။

၅။ အဖြေ==

မယား(၁၀)မျိုးတို့တွင် ရှေ့(၅)မျိုးကား--

၁။ ငွေဖြင့် ဝယ်ယူအပ်သော မယားမည်သည် ငွေဖြင့်ဝယ်ယူ၍ နေစေ၏၊

၂။ အလိုတူ၍နေသော မယားမည်သည် ချစ်သောယောကျ်ားသည် ချစ်သောမိန်းမကို နေစေ၏၊

၃။ စည်းစိမ်ကြောင့်နေသော မယားမည်သည် စည်းစိမ်ကို ပေး၍ နေစေ၏၊

၄။ အဝတ်အထည်ကြောင့်နေသော မယားမည်သည် အဝတ်အထည်ကို ပေး၍ နေစေ၏၊

၅။ ရေခွက်၌ လက်စုံချ၍ လက်ထပ်သော မယားမည်သည် ရေခွက်ကို သုံးသပ်ကိုင်တွယ်၍ နေစေ၏။

(ဝိ ၁-၂၀၉) (၁-မှတ်စီ၊ ၅-မှတ်)

ထုလ္လစဥ်းအာပတ်သင့်စေနိုင်သော အောင်သွယ်နည်း-

လက်ခံအံ့ စုံစမ်းအံ့ တဖန်မဆောင်လာအံ့၊ ထုလ္လစဥ်းအာပတ်သင့်၏၊ (၂-မှတ်)

လက်ခံအံ့ မစုံစမ်းအံ့ တဖန်မဆောင်လာအံ့၊ ထုလ္လစဥ်းအာပတ်သင့်၏၊ (၂-မှတ်)

လက်မခံအံ့ စုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ ထုလ္လစဥ်းအာပတ်သင့်၏၊(ဝိ ၁-၂၂၃) (၁-မှတ်)

၆။ အတောင်းရမ်းထူသောရဟန်းတို့ကိုမြင်၍ လူတို့ထိတ်လန့်ပုံကို ပေါ်လွင်အောင်ရေးသား၍၊ ကီဋာဂိရိ ဇနပုဒ်နေသော လူတို့၏ အခြေနေနှင့် ထိုဇနပုဒ်၌ သာသနာရှည်ကြောင်းနည်းလမ်းကောင်းကို အညတရ ဥပါသကာ လျှောက်ကြား သည့်အတိုင်း ထုတ်နုတ်ဖော်ပြခဲ့ပါ။

၆။ အဖြေ==

အတောင်းအရမ်းထူသော ရဟန်းတို့ကို မြင်၍ လူတို့ထိတ်လန့်ပုံ-

လူတို့သည် တောင်းခြင်းဖြင့် နှိပ်စက်အပ်ကုန်သည်ဖြစ်၍၊ အရိပ်နိမိတ်ပြခြင်းဖြင့် နှိပ်စက်အပ်ကုန်သည်ဖြစ်၍၊ ရဟန်းတို့ကို မြင်လျှင် ထိတ်လည်း ထိတ်ကြကုန်၏၊ လန့်လည်း လန့်ကြကုန်၏၊ ပြေးလည်း ပြေးကြကုန်၏၊ ရှောင်ဖယ်၍လည်း သွားကြ ကုန်၏၊ မျက်နှာလွှဲ၍လည်း နေကြကုန်၏၊ တံခါးကိုလည်း ပိတ်ကြကုန်၏၊ နွားတို့ကိုသော်လည်း မြင်လျှင် ရဟန်းဟု မှတ်ထင်၍ ပြေးကြကုန်၏။ (ဝိ-၁၂၂၆) (၄-မှတ်)

ကီဋာဂိရိ ဇနပုဒ်နေသော လူတို့၏ အခြေအနေနှင့် သာသနာရှည်ကြောင်းနည်းလမ်းကောင်း-

ရှေးအခါ၌(ရတနာသုံးပါးကို)ယုံကြည်ကြ၊ ကြည်ညိုကြသော လူတို့သည်လည်း အခုအခါ ရတနာသုံးပါးကို မယုံကြည်ကြ၊ မကြည်ညိုကြတော့ပါ၊ ရှေးအခါက သံဃာတော်၏ အလှူဝတ်တို့သည်လည်း ယခုအခါ၌ ပြတ်ပါကုန်၏၊ သီလကို ချစ်မြတ်နိုးသော ရဟန်းတို့သည် ဆိတ်သုဉ်းကြပါ၏၊ ယုတ်မာသော ရဟန်းတို့သည် နေကြပါ၏၊

မြတ်စွာဘုရား တောင်းပန်ပါသည်၊ မြတ်စွာဘုရားသည် ကီဋာဂိရိသို့ ရဟန်းတို့ကို စေလွှတ်တော်မူပါ၊ ယင်းသို့စေလွှတ် ခြင်းဖြင့် ကီဋာဂိရိ၌ ဤကျောင်းတိုက်သည် ကောင်းစွာတည်ရာပါ၏`` ဤသို့ လျှောက်ထားပါလေဟု လျှောက်၏။

(ဝိ ၁၂၉၃) (၆-မှတ်)

၇။ ယာဝတတိယက သံဃာဒိသေသ်သိက္ခာပုဒ်တို့၌ အာပတ်သင့်ရာအခါ, ငြိမ်းရာအခါတို့ကို ဖော်ပြ၍ မာ့တုဂါမနှင့် ဆိတ်ကွယ်ရာနေရာ၌ ထိုင်နေပြောအံ့ဟူသော အဓိပ္ပါယ်ကို ပေါ်လွင်အောင်ရှင်းပြ၍ ယုံကြည်ထိုက်သော ဥပါသိ ကာမဟူသည် အဘယ်သူကို ခေါ်ဆိုပါသနည်း? ဖြေဆိုခဲ့ပါ။

၇။ အဖြေ==

အာပတ်သင့်ရာအခါကား-

ဉတ်၏အဆုံး၌ ဒုက္ကဋ်အာပတ်သင့်၏၊ ကမ္မဝါစာနှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစည်းအာပတ်သင့်၏၊ ကမ္မဝါအာ၏ အဆုံး၌ သံဃာဒိသေသ် အာပတ်သင့်၏၊

(၂-မှတ်)

ငြိမ်းရာအခါကား--

သံဃာဒိသေသ်သို့ ရောက်သော ရဟန်းအား ဉတ်၏အဆုံး၌ ဒုက္ကဋ်၊ ကမ္မဝါစာနှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစည်းတို့သည် ငြိမ်းကုန်၏၊

(၂-မှတ်)

ထိုင်နေပြောအံ့ဟူသည်-

မာတုဂါမသည် ထိုင်လတ်သော် ရဟန်းသည် ကပ်၍သော်လည်း ထိုင်၏၊ ကပ်၍သော်လည်း အိပ်၏၊ ရဟန်းသည် ထိုင်လတ်သော် မာတုဂါမသည် ကပ်၍သော်လည်းထိုင်၏၊ ကပ်၍သော်လည်း အိပ်၏၊ နှစ်ယောက်လုံးသော်လည်း ထိုင်ကြကုန်၏၊ နှစ်ယောက်လုံးသော်လည်း အိပ်ကြကုန်။ (၃-မှတ်)

ယုံကြည်ထိုက်သော စကားရှိသော ဥပါသိကာမဟူသည်ကား--

သောတာပတ္တိဖိုလ်သို့ ဆိုက်ပြီးသော ထိုးထွင်း၍ သိပြီးသော သိက္ခာသုံးပါးကို ကျင့်သုံးပြီးသော ဘုရား၊ တရား၊ သံဃာကို ဆည်းကပ်သော ဥပါသိကာမတည်း။ (ဝိ ၁-၃၀၇) (၃-မှတ်)

၈။ အထူးထူးသောအမျိုး၏ ကျောင်း၌အာပတ်မသင့်နိုင်သော သင်္ကန်းထားရာအရပ်နှင့် ရဟန်း၏နေရာအရပ်တို့ကို တွဲစပ်ဖော်ပြ၍၊ အခါမဲ့သင်္ကန်း, သင်္ကန်းအဟောင်းတို့၏ သဘောအဓိပ္ပါယ်တို့ကို အများနားလည်အောင် ရှင်းပြခဲ့ပါ။

၈။ အဖြေ==

အထူးထူးသော အမျိုး၏ ကျောင်း၌ အာပတ်မသင့်နိုင်သော သင်္ကန်းထားရာအရပ်ကား--

အထူးထူးသော အမျိုး၏ ကျောင်းဖြစ်၍ ကာရံအပ်သည်လည်းဖြစ်မူ၊ သင်္ကန်းထားရာ ကျောင်း၌ နေရမည်၊ တံခါးအရင်း၌လည်း နေရမည်၊ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရပါ။ (၃-မှတ်)

မကာရံအပ်သည်ဖြစ်မူ သင်္ကန်းထားရာကျောင်း၌ နေရမည်၊ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရပါ။ (ဝိ ၁-၃၁၈)

(၂-မှတ်)

အခါမဲ့သင်္ကန်းကား--

အခါမဲ့သင်္ကန်းမည်သည် ကထိန်မခင်းလျှင် တစ်ဆယ့်တစ်လအတွင်း၌ ဖြစ်ပေါ်သော သင်္ကန်းတည်း၊ ကထိန်ခင်းလျှင် ခုနစ်လအတွင်း၌ ဖြစ်ပေါ်သော သင်္ကန်းတည်း၊ သင်္ကန်းအခါ၌သော်လည်း ရည်ညွှန်း၍ လှူအပ်သောသင်္ကန်းတည်း။(ဝိ ၁-၃၂၁)

(၃-မှတ်)

သင်္ကန်းဟောင်းမည်သည်- တစ်ကြိမ်ပင်ဝတ်အပ် တစ်ကြိမ်ပင်ရုံအပ်သော သင်္ကန်းတည်း။ (ဝိ ၁-၃၂၄)

(၂-မှတ်)

၉။ အောက်ပါရဟန်းတို့အား မည်သည့်အာပတ်သင့်ရောက်သည်ကို ဖော်ပြ၍၊ အရှင်ဥပသေနရဲ့ ပရိသတ်ဆုံးမပုံကို နောက်လာနောက်သားတို့ အတုယူဖွယ်ဖြစ်အောင် ရေးသားဖော်ပြခဲ့ပါ။

(က) ရွှေ ငွေ၌ ယုံမှား၍ ခံယူမိသောရဟန်း။

(ခ) ရွှေ ငွေမဟုတ်သည်၌ ယုံမှား၍ ခံယူမိသောရဟန်း။

(ဂ) ဆွေမျိုးတို့၌ ယုံမှား၍ သင်္ကန်းတောင်းသောရဟန်း။

(ဃ) မာတုဂါမ၏ လက်မောင်းကို ချီးမွမ်းသောရဟန်း။

၉။ အဖြေ==

(က) နိဿဂ္ဂိပါစိတ်အာပတ် (ဝိ ၁-၃၆၆) (၁-မှတ်)

(ခ) ဒုက္ကဋ်အာပတ် (ဝိ ၁-၃၆၆) (၁-မှတ်)

(ဂ) ဒုက္ကဋ်အာပတ် (ဝိ ၁-၃၃၂) (၁-မှတ်)

(ဃ) ထုလ္လစ္စည်းအာပတ် (ဝိ ၁- ၁၉၃) (၁-မှတ်)

အရှင်ဥပသေန ပရိသတ်ဆုံးမပုံကား--

အရှင်ဘုရား အကျွန်ုပ်ထံ ရဟန်းအဖြစ်(နိဿရည်းအဖြစ်)တောင်းသူကို အကျွန်ုပ်သည် ``ငါ့ရှင် ငါသည် တောကျောင်းနေ၏၊ ပိဏ္ဍပါတ်ဓုတင် ဆောင်၏၊ ပံသုကူဆောင်၏၊ အကယ်၍ သင်သည်လည်း တောကျောင်းနေပါမူ၊ ပိဏ္ဍပါတ်ဓုတင် ဆောင်ပါမူ၊ ပံသုကူဆောင်ပါမူ၊ ငါသည် သင့်ကို ရဟန်းပြုပေးမည် (နိသျည်းပေးမည်)``ဟု ဆိုပါသည်၊ အကယ်၍ အကျွန်ုပ်စကားကို နားမထောင်အံ့ ရဟန်းပြုမပေးပါ၊ (နိသျည်းမပေးပါ) အရှင်ဘုရား အကျွန်ုပ်သည် ပရိသတ်ကို ဤသို့ ဆုံးမပါသည်။(ဝိ ၁-၃၅၅)

(၆-မှတ်)

၁၀။ အရှင်ပိလိန္ဒဝစ္ဆ မထေရ်မြတ်၏ ပရိသတ်တို့၏ အကျင့်စရိုက်ကို ဖော်ပြ၍၊ သုတ္တဝိညတ္တိသိက္ခာပုဒ်ဖြင့် အာပတ်မသင့် နိုင်သော အနာပတ္တိဝါရကိုလည်း ဖြေဆိုခဲ့ပါ။

၁၀။ အဖြေ==

ပရိသတ်တို့၏ အကျင့်စရိုတ်ကား--

ထိုပိလိန္ဒဝစ္ဆ၏ ပရိသတ်ကား ပစ္စည်းပေါများလို၏၊ ရတိုင်းရတိုင်းကို ဖျဉ်းအိုးတို့၌ ပြည့်စေ၍ သိုမှီး၏၊ ရေစစ်အိတ်တို့ကို ပြည့်စေ၍ လေသောက်(ပြူတင်း)တို့၌ ချိတ်ဆွဲထား၏၊ ထိုဆေးတို့သည် အောက်နှင့် နံပါးနှစ်ဘက်မှ ယိုကျကုန်၏၊ ကျောင်းအားလုံးတို့သည် ကြွက်တို့ဖြင့်လည်း ပြွန်းကုန်၏၊ (ဝိ ၁-၃၈၄) (၅-မှတ်)

အနာပတ္တိဝါရ-

သက်န်းချုပ်ခြင်းငှာ(ချည်ကိုတောင်းအံ့)၊ အာပတ်မသင့်၊ အာယောဂပတ်၌လည်းကောင်း ခါးပန်းကြိုး၌လည်းကောင်း ပခုံးဖွဲ့(ကြိုး)၌လည်းကောင်း သပိတ်အိတ်၌လည်းကောင်း၊ ရေစစ်၌လည်းကောင်း အာပတ်မသင့်၊ ဆွေမျိုးတော်စပ်သူတို့အား လည်းကောင်း၊ ဖိတ်ကြားအပ်သူတို့အားလည်းကောင်း၊ အခြားသူတို့၏ အလို့ငှာလည်းကောင်း(တောင်းအံ့) မိမိဥစ္စာဖြင့်ဝယ်အံ့၊ အာပတ်မသင့်၊ ရူးသောရဟန်း အစလက်ဦးလွန်ကျူးသော ရဟန်းအား အာပတ်မသင့်။

(ဝိ ၁-၃၉၂) (၅-မှတ်)

# 2019 (၁၃၈၁) ခုနှစ်၊ ပိဋကသုံးပုံ မြန်မာပြန် စာမေးပွဲ

## ပါရာဇိကဏ်ပါဠိတော် မြန်မာပြန်မေးခွန်းနှင့် အဖြေများ

၁။ စာဖြေရှင်တို့၏ ဗုဒ္ဓမြတ်စွာသာသနာတော်သည် ကြာမြင့်စွာ တည်နိုင်/မတည်နိုင် စိစစ်ပြ၍၊ အရှင်သုဒိန်၏ ပရာဇိကဏ်ကိုလည်း အတုယူဖွယ် ရေးသားဖြေဆိုခဲ့ပါ။

ယခုဗုဒ္ဓမြတ်စွာဘုရားရှင်၏ သုတ် ဂေယျ ဗျာကရဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လတို့သည် များပြားကုန်၏။ တပည့်တို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။ (အာဏာ)ပါတိမောက်ကို ပြတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော ထိုမြတ်စွာဘုရားရှင် (ပရိနိဗ္ဗာန်စံလွန်) ကွယ်ပျောက်သောအခါ၌လည်းကောင်း၊ ဘုရားရှင်တို့သို့ အတုလိုက်၍ သစ္စာလေးပါးကို သိကုန်သော တပည့်တို့ (ပရိနိဗ္ဗာန်စံလွန်) ကွယ်ပျောက်သောအခါ၌ လည်းကောင်း၊ အထူးထူးသော အမည် အနွယ် ဇာတ် ရှိကုန်သော အမျိုးတို့မှ ရဟန်းပြုကုန်သော နောင်လာနောက်သားတပည့်တို့သည် ထိုသာသနာတော်ကို ကြာမြင့်စွာသော ကာလပတ်လုံး တည်စေကုန်၏။ ချည်မျှင်ဖြင့် သီကုံး၍ ပျဉ်ချပ်ပေါ်၌ တင်ထားသော ပန်းအမျိုးမျိုးတို့ကို ချည်မျှင်ဖြင့် သီကုံး၍ ထားခြင်းကြောင့် လေသည် ဖရိုဖရဲ မဖြန့်ကြဲ မတိုက်ခတ် မမှုတ်လွှင့် မဖျက်ဆီးနိုင်သကဲ့သို့ ကြာမြင့်စွာသော ကာလပတ်လုံး တည်နိုင်ပါသည်။ (မြန်-၁၂)(၅-မှတ်)

### အရှင်သုဒိန်၏ ပရာဇိကဏ်-

ယခုအခါ ဝဇ္ဇီတိုင်းသည် အစာခေါင်းပါး၏။ အသက်မွေးရန် ခဲယဉ်းလှ၏။ ဖွေးဖွေးဖြူသော အရိုးရှိ၏။ စာရေးတံလက်မှတ်ဖြင့် အသက်မွေးရ၏။ သပိတ်လက်စွဲ ဆွမ်းခံခြင်းဖြင့် မျှတရန် မလွယ်ကူချေ။ ဝေသာလီမြို့၌ ကြွယ်ဝသော ဥစ္စာပေါများသော များသောစည်းစိမ်ဘဏ္ဍာရှိသော များသော ရွှေငွေ ရှိသော နှစ်သက်ဖွယ်ရာ များသော အသုံးဆောင်ရတနာရှိသော များသော ဥစ္စာ စပါးရှိသော ငါ၏ ဆွေမျိုးတို့သည် ပေါများကုန်၏။ ငါသည် ဆွေမျိုးတို့ကို အမှီပြုနေရမူကား ကောင်းလေစွ။ ဆွေမျိုးတို့သည် ငါ့ကို အမှီပြု၍ လှူဖွယ်တို့ကို ပေးလှူကြပါကုန်လိမ့်မည်။ ကောင်းမှုတို့ကို ပြုကြလိမ့်မည်။ ရဟန်းတို့သည်လည်း လာဘ်ကို ရကြလိမ့်မည်။ ငါသည် ဆွမ်းဖြင့် မပင်ပန်းဘဲ ရှိလိမ့်မည်ဟု အကြံဖြစ်၍ ဆွေမျိုးများရှိရာ ဝေသာလီမြို့သို့ သွားလေ၏။ အရှင်သုဒိန်၏ ဆွေမျိုးတို့သည် အရှင်သုဒိန်အား ဆွမ်းအိုးခြောက်ဆယ်တို့ကို ပို့ကြကုန်၏။ ထိုအခါ အရှင်သုဒိန်သည် ထိုဆွမ်းအိုးခြောက်ဆယ်တို့ကို ရဟန်းတို့အား စွန့်လှူလေ၏။ (မြန်-၂၀)(၅-မှတ်)

၂။ အရှင်ဓနိယ၏ ရှင်းပြချက်နှင့် ပတ်သက်၍ ဗိမ္ဗိသာရမင်းပြောဆိုအပ်သော စကားရပ်ကို ဖော်ပြ၍၊ ဒုတိယပါရာဇိကလာ ရွာဥပစာနှင့် တောအရကို ကောက်ပြခဲ့ပါ။

### အရှင်ဓနိယ၏ ရှင်းပြချက်နှင့် စပ်လျဉ်း၍ ဗိမ္ဗိသာရမင်း ဆိုအပ်သောစကားရပ်-

"အရှင်ဘုရား အမှတ်ရပါပြီ။ မကောင်းမှုမှ ရှက်တက်ကုန်သော တွေးတောမှု သံသယကုက္ကုစ္စရှိကုန်သော သိက္ခာ (သုံးပါး)ကို လိုလားကုန်သော ရဟန်း ပုဏ္ဏားတို့ ရှိကြပါသည်။ ထိုရဟန်း ပုဏ္ဏားတို့အား အနည်းငယ်မျှ (အပြစ်)၌ပင် ယုံမှားတွေးတောမှု သံသယကုက္ကုစ္စ ဖြစ်တတ်ကြပါသည်။ ထိုရဟန်း ပုဏ္ဏားတို့ကို ရည်ရွယ်၍ တပည့်တော်ပြောခြင်း ဖြစ်ပါသည်။ ထိုသို့ပြောဆိုခြင်းသည်လည်း တောအတွင်းဝယ် မသိမ်းပိုက်အပ်သော မြက် ထင်း ရေကိုသာ ပြောဆိုခြင်းဖြစ်ပါသည်။ အရှင်ဘုရားသည် ထိုစကားအမြွက်ဖြင့် သစ်တော်တို့ကို မပေးလှူပါပဲလျက် ဆောင်ယူရမည်ဟု ထင်မှတ်ဘိ၏။ တပည့်တော်ကဲ့သို့သော ဘုရင်သည် နိုင်ငံတော်၌နေသော သမဏ ဗြာဟ္မဏတို့ကို အဘယ့်ကြောင့် နှောင်ဖွဲ့သတ်ပုတ် နှင်ထုတ်ရာအံ့နည်း။ အရှင်ဘုရားကြွပါလော့။ အရှင်ဘုရားသည် (ရဟန်းတို့၏) အသွင်အပြင် အမွေး 'အရောင်'ကြောင့် (အပြစ်မှ) လွတ်မြောက်ရပေသည်။ နောက် ဤကဲ့သို့သော အမှုကို မပြုပါလင့်"ဟု (လျှောက်ထား၏)။ (မြန်-၅၈)(၆-မှတ်)

ရွာဥပစာအရ- အကာအရံရှိသော ရွာ၏ တံခါးခုံ၌ တည်သော အားအလယ်အလတ်ရှိသော ယောကျ်ား၏ ခဲတစ်ကျတည်း။ အကာအရံရှိသော ရွာ၏ အိမ်ဥပစာ၌တည်သော အားအလယ်အလတ်ရှိသော ယောကျ်ား၏ ခဲတစ်ကျတည်း။ (၃-မှတ်)

တောအရ- ရွာ ရွာ့ဥပစာကို ချန်လှပ်၍ ကြွင်းကျန်သော အရပ်ကို ယူရပါမည်။ (မြန်-၆၂)(၁-မျက်နှာ)

၃။ လက်နက်ကို အနီး၌ ချထားခြင်းနှင့်စပ်လျဉ်း၍ အာပတ်သင့်ရာခေတ်ကို ပိုင်းခြားပြ၍၊ စတုတ္ထပါရာဇိကလာ "စင်ကြယ်ခြင်းကို လိုလားတောင့်တခြင်း" ၏ အဓိပ္ပါယ်ကို ဖြေဆိုကာ၊ ပါရာဇိက (၄)ပါးတို့၏ ဝိနီတဝတ္ထုသရုပ်ကို သင်္ချာမျှ အသီးသီးဖော်ပြခဲ့ပါ။

<u>လက်နက်ကို အနီး၌ ချထားခြင်းနှင့် စပ်လျဉ်း၍ အာပတ်သင့်ရာခေတ်-</u>

သန်လျက်ကိုသော်၎င်း ခက်ရင်းကိုသော်၎င်း ဆောက်ပုတ်ကိုသော်၎င်း ကျောက်တုံးကိုသော်၎င်း လက်နက်ကိုသော်၎င်း အဆိပ်ကိုသော်၎င်း "ဤအရာဝတ္ထုဖြင့် သေလိမ့်မည်" ဟု အနီး၌ ချထားအံ၊ ဒုက္ကဋ် အာပက်သင့်၏။ ထိုအရာဝတ္ထုဖြင့် သေအံ့ ဟု ဒုက္ခဝေဒနာကို ဖြစ်စေအံ၊ ထုလ္လစ္စဉ်းအာပတ်သင့်၏။ သေအံ့၊ ပါရာဇိကအာပတ်သင့်၏။

(မြန်-၁၀၁)(၄-မှတ်)

စင်ကြယ်ခြင်းကို လိုလားတောင်းတခြင်း- လူသော်၎င်း ဖြစ်လို၍ ဥပါသကာသော်၎င်း ဖြစ်လို၍ အရံစောင့်သော်၎င်း ဖြစ်လို၍ သာမဏေသော်၎င်း ဖြစ်လို၍၊ (မြန်-၁၂၁)(၄-မှတ်)

| | | |
|---|---|---|
| ပထမ ပါရာဇိကဝိနီတဝတ္ထု | = (၈၆) ဝတ္ထု | (မြန်-၅၄) (၁-မှတ်) |
| ဒုတိယ ပါရာဇိကဝိနီတဝတ္ထု | = (၁၅၈) ဝတ္ထု | (မြန်-၈၉) (၁-မှတ်) |
| တတိယ ပါရာဇိကဝိနီတဝတ္ထု | = (၁၀၃) ဝတ္ထု | (မြန်-၁၁၄) (၁-မှတ်) |
| စတုတ္ထ ပါရာဇိကဝိနီတဝတ္ထု | = (၆၀) ဝတ္ထု | (မြန်-၁၅၃) (၁-မှတ်) |

၄။ အသားတစ်ပြိတ္တာ၊ လုံအမွေးရှိသောပြိတ္တာ၊ ကျင်ကြီးတွင်း၌ ဦးခေါင်းနှင့်တကွ မြုပ်နေသူ၊ ဦးခေါင်းမရှိသော ကဗန္ဓိရုံပြိတ္တာ၊ ရဟန်းပြိတ္တာအဖြစ်ခံစားရသူတို့၏ ရေးကံကို ဖော်ပြ၍ အကျိုး (၁၀)မျိုးကို မျှော်ကိုး၍ သုတ်လွှတ်ရာဝယ် ယင်း(၁၀)မျိုးတို့တွင် ရှေ့(၅)မျိုးကိုသာ ဖြေဆိုခဲ့ပါ။

အသားတစ်ပြိတ္တာ= နွားသတ်ယောက်ျား။ (မြန်-၁၄၉)

လုံအမွေးရှိသောပြိတ္တာ= သားသတ်သမား။ (မြန်-၁၄၉)

ဦးခေါင်းနှင့် တကွ ကျင်ကြီးတွင်း၌ မြုပ်နေသူ= သူ့မယားကို သွားလာသူ။ (မြန်-၁၅၀)

ဦးခေါင်းမရှိသော ကဗန္ဓိရုံပြိတ္တာ =ပုဏ္ဏားပျက်(ဒုဋ္ဌဗြဟ္မဏ) (မြန်-၁၅၀)

ရဟန်းပြိတ္တာ=ကဿပဘုရားရှင်လက်ထက် ရဟန်းယုတ်။ (မြန်-၁၅၁) (၁-မှတ်စီ)

<u>သုတ်လွှတ်ခြင်းတို့တွင် ရှေ့အကျိုး(၅)မျိုး-</u>

(၁) အနာရောဂါကင်းခြင်းငှာ လွှတ်၏။
(၂) ချမ်းသာခြင်းအလို့ငှာ လွှတ်၏။
(၃) ဆေးအလို့ငှာ လွှတ်၏။
(၄) အလှူအလို့ငှာ လွှတ်၏။
(၅) ကောင်းမှုအလို့ငှာ လွှတ်၏။ (မြန်-၁၅၉)(၁-မှတ်စီ)

၅။ အရှင်ဥဒါယီ သုတေသနပြုချက်အရ ကွဲပြားလာသော မိန်းမနစ်မျိုးကို ဖော်ပြ၍ ပထမအမျိုးအစား၏ အပြုအမူကို ထုတ်ပြပြီးလျှင်၊ ယင်းသိက္ခာပုဒ်လာ ပြောကြားခြင်း(အာစိက္ခတိ)နှင့် ဆုံးမခြင်း (အနုသာသတိ)တို့၏ အထူးကိုလည်း ဖြေဆိုခဲ့ပါ။

<u>ကွဲပြားလာသော မိန်းမနစ်မျိုး-</u>

(၁) ကြောက်လန့်ခြင်း ဩတပ္ပမှ ကင်းကုန်သော စဉ်းလဲသော သဘောရှိကုန်သော အရှက်မှကင်းကုန်သော မိန်းမ၊ (၂-မှတ်)

(၂) ရှက်ကြောက်တတ်သော စိတ်ရှိကုန်သော မိန်းမ။

ပထမအမျိုးစား၏ အပြုအမူ- ထိုမိန်းမတို့သည် အရှင်ဥဒါယီနှင့် အတူ ပြုံးလည်းပြုံး၏။ မြှောက်ပင့်၍လည်း ပြောဆိုကုန်၏။ ပြင်းစွာလည်း ရယ်မောကုန်၏။ ပြောင်လှောင်လည်း ပြောင်လှောင်ကုန်၏။ (မြန်-၁၉၀)(၂-မှတ်)

ပြောကြားခြင်းနှင့် ဆုံးမခြင်းမထူး- ပြောကြားခြင်း မည်သည် မေးအပ်သည်ဖြစ်၍ "ဤသို့ပေးလော့၊ ဤသို့ပေးသော မိန်းမကို လင်ယောက်ျားသည် ချစ်မြတ်နိုးလိမ့်မည်" ဟု(ပြောဆို၏) (၂-မှတ်)

ဆုံးမခြင်းမည်သည် မမေးပဲ "ဤသို့ပေးလော့၊ ဤသို့ပေးသော မိန်းမကို လင်ယောက်ျားသည် ချစ်မြတ်နိုးလိမ့်မည်"ဟု (ပြောဆို၏)။ (မြန်-၁၉၂)(၂-မှတ်)

၆။ တိရစ္ဆာန်တို့၏ အဘယ်စိတ်နေစိတ်ထားကို ကြည့်၍ လူ့စိတ်အခြေအနေကို အဘယ်သို့ ဆင့်ပွား၍ သိနိုင်သည်ကို ဖြေဆို၍၊ မေတ္တိယဘုမဇကရဟန်းတို့၏ စိတ်မလိုရှိတိုင်း မအိပ်နိုင်/မစားနိုင်ရခြင်းအကြောင်းတို့ကို ဖော်ပြခဲ့ပါ။

တိရစ္ဆာန်ဖြစ်သော သတ္တဝါတို့သည်ပင် တောင်းခြင်းကို မနှစ်သက်ပေကုန်။ အရိပ်နိမိတ်ပြခြင်းကို မနှစ်သက်ကုန်။ လူဖြစ်သောသူတို့အားကား အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း။ (လူတို့သည်လည်း တောင်းခြင်းကို မနှစ်သက်ကြပေ)။ လူ့စိတ်အခြေအနေကို ဤသို့ဆင့်ပွားသိနိုင်၏။ (မြန်-၂၃၁)(၃-မှတ်)

<u>မေတ္တိယဘုမဇကရဟန်းတို့ စိတ်တိုင်းကျ မအိပ်နိုင်ခြင်းအကြောင်း-</u>

မေတ္တာဘုမကဇကရဟန်းတို့သည် "ယမန်နေက ငါတို့အား ကလျာဏဘတ္တိက ဒါယကာ၏ ဆွမ်းကို ညွှန်အပ်ပြီး။ နက်ဖြန် ငါတို့ကို ကလျာဏဘတ္တိကဒါယကာသည် သားမယားနှင့် တကွ အနီး၌ကပ်၍ လုပ်ကျွေးလတ္တံ့။ အချို့ရဟန်းတို့ကို ဆွမ်းဖြင့်မေးကုန်လတ္တံ့။ အချို့ရဟန်းတို့ကို ဟင်းလျာဖြင့် မေးကုန်လတ္တံ့၊ အချို့ရဟန်းတို့ကို ဆီဖြင့်မေးကုန်လတ္တံ့။ အချို့ရဟန်းတို့ကို လက်သုတ်ဟင်းလျာဖြင့် မေးကုန်လတ္တံ့" ဟု ထိုဝမ်းမြောက်ခြင်းဖြင့်သာလျှင် ညဉ့်၌ စိတ်အလိုရှိတိုင်း မအိပ်နိုင်ကြကုန်။ (မြန်-၂၆၂)(၄-မှတ်)

<u>စိတ်တိုင်းကျ မစားနိုင်ရခြင်းအကြောင်း-</u>

မေတ္တိယဘုမဇကရဟန်းတို့သည်" ငါ့ရှင်တို့ ယမန်နေ့က ကလျာဏဘတ္တိကဒါယကာသည် အရာမ်သို့ မလ္လာမင်း၏သား ဒဗ္ဗထံ လာ၏၊ ငါတို့ကို မလ္လမင်း၏သား ဒဗ္ဗသည် ဒါယကာ၏ အထံ၌ မုချဧကန် ဖျက်ဆီးအပ်ပြီဟု ထိုနှလုံးမသာယာခြင်းဖြင့် သာလျှင် အလိုရှိတိုင်း မသုံးဆောင်နိုင်ကြကုန်" (မြန်-၂၆၂)(၃-မှတ်)

၇။ သပိတ်ဆင်တူယိုးမှား(ပတ္တလေသ)ဖြင့် အာပတ်သင့်ပုံကို ရေးသား၍၊ ပထမဒုဋ္ဌဒေါသနှင့် သံဃဘေဒကသိက္ခာပုဒ်တို့၌ လာသော အဓိကရဏအထူးတို့ကို ဖော်ပြကာ၊ အဘယ်ကြောင့် လူတို့သည် ပွဲလမ်းသဘင်တို့၌ ဝိသာခါကို ရှေးဦးစွာ ကျွေးမွေးကြပါသနည်း။ ဖြေဆိုခဲ့ပါ။

<u>သပိတ်ဆင်တူယိုးမှားဖြင့် အာပတ်သင့်ပုံ-</u>

သံသပိတ်ကိုဆောင်သော ရဟန်ကိုမြင်၏။ ပ။ သားရိုး မြေသပိတ်ကိုဆောင်သော ရဟန်းကိုမြင်၏။ ပ။ ပါရာဇိကသို့ ရောက်သော (ပကတိ) မြေသပိတ်ကို ဆောင်သော ရဟန်းကိုမြင်၏၊ အခြားသော (ပကတိ) မြေသပိတ်ကိုဆောင်သော ရဟန်းကိုမြင်၍ "ငါသည် ပါရာဇိကသို့ ရောက်ပြီးသော မြေသပိတ်ကို ဆောက်သော ရဟန်းကို မြင်အပ်ပြီး၊ (သင်) ရဟန်းမဟုတ်တော့ သာကီဝင်မင်းသား ရဟန်းအနွယ်ဝင်မဟုတ်တော့ပြီ" ။ပ။ ဟု စွပ်စွဲအံ့၊ စကားခွန်းတိုင်း စကားခွန်းတိုင်းသံဃာဒိသေသ်အာပတ်သင့်၏။ (မြန်-၂၅၇)(၃-မှတ်)

ပထမဒုဋ္ဌဒေါသ၌ အဓိကရဏအရ- ဝိဝါဒါဓိကရုဏ်း အနုဝါဒါဓိကရိုဏ်း အာပတ္တာဓိကရိုဏ်း ကိစ္စာဓိကရိုဏ်း ကိုယူရမည်။ (မြန်-၂၆၅)(၂-မှတ်)

သံဃာဘေဒက၌ အဓိကရဏအရ- ကွဲပြားခြင်းကို ပြုတက်သော တစ်ဆယ့်ရှစ်ပါးသော ဝတ္ထုကို ယူရပါမည်။ ဤသို့ထုးပါသည်။ (မြန်-၂၈၁)(၂-မှတ်)

မိဂါရမာတာမည်သော ဝိသာခါသည် များသော သားသမီးရှိ၏။ များသောမြေးမြစ်ရှိ၏။ ရောဂါကင်းသော သားသမီးရှိ၏။ ရောဂါကင်းသော မြေးရှိ၏။ အလွန်မင်္ဂလာရှိသော မိန်းမဟု သမုတ်အပ်၏။ ထို့ကြောင့် ပွဲသဘင်တို့၌ ဝိသာခါကို ရှေးဦးစွာ ကျွေးမွေးကြကုန်၏။

(မြန်-၃၁၁) (၃-မှတ်)

၈။ အခိုးခံရသောသင်္ကန်းရှိသော ခရီးသွားရဟန်း၏ ဆောင်ရွက်ဖွယ်ကိစ္စကို ပါဠိတော်လာအတိုင်း ဖော်ပြ၍၊ ကောသိယသိက္ခာပုဒ်ဖြင့် အာပတ်မသင့်နိုင်သော အခင်းများကိုလည်း ဖြေဆိုခဲ့ပါ။

<u>အခိုးခံရသော သင်္ကန်းရှိသော ခရီးသွားရဟန်း၏ ဆောင်ရွက်ဖွယ်-</u>

အခိုးခံရသောသင်္ကန်းရှိသော ရဟန်းသည် ဆွေမျိုးမတော်သော အိမ်ရှင်ကိုသော်၎င်း အိမ်ရှင်မကိုသော်၎င်း သင်္ကန်းတောင်းရမည်(တောင်းနိုင်၏)။ အကြင်ကျောင်းတိုက်သို့ ရှေးဦးစွာ ကပ်ရောက်၏။ အကယ်၍ ထိုကျောင်းတိုက်၌ သံဃာ၏ ကျောင်းပိုင်သင်္ကန်းသော်၎င်း အပေါ်လွှမ်းအခင်းသော်၎င်း မြေအခင်းသော်၎င်း ဘုံလျှိုအစွပ်သော်၎င်း ရှိအံ့။ ယူ၍ (သင်္ကန်း) ရသောအခါ ပြန်ထားမည် ဟုနလုံးပြု၍ ဝတ်ရုံခြင်းငှာ သင့်၏။ အကယ်၍ မရှိအံ့။ မြက်ဖြင့်သော်၎င်း သစ်ရွက်ဖြင့်သော်၎င်း ဖုံးလွှမ်း၍ လာရမည်။ အဝတ်မစည်းအချည်းနီးဖြင့်ကာ မလာရသည်သာ။ လာသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ (မြန်-၃၃၁)(၅-မှတ်)

<u>ကောသိယသိက္ခာပုဒ်ဖြင့် အာပတ်မသင့်နိုင်သော အခင်းများ-</u>

ဗိတာန် မျက်နှာကြက်၊ မြေအခင်း၊ တင်တိမ် ကန့်လန့်ကာ၊ ဘုံလျှို'ဖုံ'၊ ခေါင်းအုံး။

(မြန်-၃၄၈)(၅-မှတ်)

၉။ ရူပိယသံဝေါဟာရ၊ ကယဝိက္ကယသိက္ခာပုဒ်တို့၌ လာသော နာနပ္ပကာရ(အထူးထူးအပြားပြား) တို့၏ ပြဆို၍၊ မိုးရေခံသင်္ကန်း ရှာမှီးရာ၌ အပ်သော ရှာမှီးခြင်းနှင့် မအပ်သောရှာမှီးခြင်းတို့ကို ခွဲခြားဖြေဆိုခဲ့ပါ။

နာနပ္ပကာရအထူး=ရူပိယသံဝေါဟာရသိက္ခာပိုဒ်၌ နာပ္ပကာရအရ- ပြုအပ်ပြီး ဦးခေါင်းတန်ဆာ၊ လည်ဆွဲတန်ဆာ၊ လက်ဝတ်တန်ဆာ၊ ခြေကျင်းတန်ဆာ၊ ခါးဝတ်တန်ဆာကို၎င်း၊ မပြုအပ်သေးသော အစိုင်အခဲပြုအပ်သော ရွှေတုံး ငွေတုံး ကို၎င်း၊ ပြုအပ် မပြုအပ်သော ထိုနှစ်မျိုးလုံးကို၎င်း ယူရမည်။ (မြန်-၃၆၇)(၃-မှတ်)

မိုးရေခံရှာမှီးရာ၌ အပ်သောရှာမှီးခြင်း- အကြင်လူတို့သည် ရှေးကလည်း မိုးရေခံသင်္ကန်းကို လှူကုန်၏။ ထိုလူတို့ထံချဉ်းကပ်၍ "မိုးရေခံ သင်္ကန်း၏ အခါတည်း၊ မိုးရေခံသင်္ကန်း၏ အချိန်တည်း၊ အခြားသူတို့ သည်လည်း မိုးရေခံသင်္ကန်းကို လှူကုန်၏" ဟုဆိုရာ၏။ (မြန်-၃၈၇)(၂-မှတ်)

မအပ်ရှာသောမှီးခြင်း- "ငါ့အား မိုးရေခံသင်္ကန်းကို လှူကြလော့၊ ငါ့အတွက် မိုးရေခံသင်္ကန်းကို ဆောင်ခဲ့ကြလော့၊ ငါ့အတွက် မိုးရေခံသင်္ကန်းကို ဖလှယ်ကြလော့၊ ငါ့အတွက် မိုးရေခံသင်္ကန်းကို ဝယ်ကြလော့၊ ဟုမဆိုရ။ (မြန်-၃၈၇)(၂-မှတ်)

၁၀။ အောက်ပါရဟန်းတော်တို့ အပြစ်သင့်/မသင့် ဆုံးဖြတ်ပြ၍၊ အပြစ်သင့်ခဲ့သော် သင့်သောအပြစ်အမည်တို့ကို ဖော်ပြခဲ့ပါ။

(က)အမျိုးသမီးအင်္ကျီးမှ ထွက်ပေါ်နေသော ဖဲကြိုးစကို တပ်မက်သောစိတ်ဖြင့် ဆောင့်ဆွဲသော ရဟန်း၊

(ခ) ငါ့အား ဆွမ်းဖြင့်ပြုစုလုပ်ကျွေးပါဟု အမျိုးသမီးအား ပြောသော ရဟန်း၊

(ဂ) ပဏ္ဍုတ်ကို အောင်သွယ်ပေးသောရဟန်း၊

(ဃ) ရွှေ ငွေ ၌ ရွှေငွေမဟုတ်ဟု မှတ်ထင်၍ အကပ်ခံမိသောရဟန်း၊

(င) ဂိလာနရဟန်းအား သေစေလိုသော ဆန္ဒဖြင့် ဆီဖြင့် လိမ်းကျံပေးသောရဟန်း။

(က) အပြစ်သင့်ပါသည်။ ထုလ္လစ္စဉ်းအာပတ်သင့်ပါသည်။ (မြန်-၁၈၃)

(ခ) အပြစ်မသင့်ပါ။ (မြန်-၂၀၀)

(ဂ) အပြစ်သင့်ပါသည်။ ထုလ္လစ္စဉ်းအာပတ်သင့်ပါသည်။ (မြန်-၂၂၅)

(ဃ) အပြစ်သင့်ပါသည်။နိဿဂ္ဂိပါစိတ်အာပတ်သင့်ပါသည်။ (မြန်-၃၆၆)

(င) အပြစ်သင့်ပါသည်။ သေသော် ပါရာဇိကအာပတ်သင့်၏။ (မြန်-၁၀၈)(၂-မှတ်စီ)

မသေသော် ထုလ္လစ္စဉ်းအာပတ်သင့်၏။

ရန်ကုန်မြို့

ဒေါက်တာခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၁) ဝိနယပိဋက

## ပါရာဇိကဏ်ပါဠိတော် မြန်မာပြန် မေးခွန်း

၁၃၈၄-ခုနှစ်၊ နယုန်လပြည့်ကျော် ၇-ရက်၊ (၂၀-၆-၂၀၂၂)တနင်္လာနေ့

ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ မြတ်ဗုဒ္ဓ၏ လောက၌ အကြီးဆုံး, အမြတ်ဆုံးဖြစ်ပုံကို ဥပမာနှင့်တကွ ဖော်ပြ၍၊ ကာမဂုဏ်နှင့် စပ်၍ မြတ်ဗုဒ္ဓ၏ မိန့်ကြားချက်များကို ပဌမပါရာဇိက သုဒိန္နဘာဏဝါရကို ရှု၍ ရေးသားခဲ့ပါ။

၂။ လိင်ပြန်သောရဟန်းတော်များအတွက် မြတ်ဗုဒ္ဓ၏ ခွင့်ပြုချက်များကို တင်ပြကာ၊ အရှင်ဓနိယ ဆောက်လုပ်ထားအပ်သော မြေကုဋီလေး၏ ပုံသဏ္ဌာန်ကို ပေါ်လွင်အောင် ရေးသားဖော်ပြခဲ့ပါ။

၃။ အမွေဆက်ခံမှုကိစ္စနှင့် ပတ်သက်၍ ဝိနယဓရဇေတဒဂ်ဘွဲ့ရ အရှင်ဥပါလိမထေရ်၏ ဆုံးဖြတ်ချက်ကို ကျမ်းလာအတိုင်း ဖော်ပြပြီး၊ တတိယပါရာဇိကလာ အမှတ်အသားပြု၍ လူသတ်ခိုင်းရာ၌ အာပတ်သင့်နိုင်ပုံတို့ကို သေချာစွာ ရေးသားဖော်ပြခဲ့ပါ။

၄။ ဝေသာလီပြည်သား ရဟန်းများ၏ညီညွတ်ရေးနှင့် စားဝတ်နေရေး ပြည့်စုံအောင် ဖန်တီးမှုအခြေအနေတို့ကို တင်ပြ၍၊ ကုမ္ဘဏ္ဍပြိတ္တာကြီး၏ ဒုက္ခခံစားနေရပုံနှင့် အတိတ်ကံတို့ကို ပေါ်လွင်အောင် ရေးသားပါ။

၅။ ကာယသံသဂ္ဂ, ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်တို့အလို မာတုဂါမ-အရ မတူထူးခြားချက်ကို ဖော်ပြ၍၊ သီလရှိသူ, ကောင်းသောတရားရှိသူ, မြတ်သောအကျင့်ကို ကျင့်လေ့ရှိသူ-ဟူသည် အဘယ်နည်း? ပဒဘာဇနီအလိုကျ ရေးသားခဲ့ပါ။

၆။ အရှက်မဲ့သူ မိန်းမများ၏ အရှက်ကင်းမဲ့စွာ အရှင်ဥဒါယီအပေါ် ပြောဆိုဆက်ဆံပုံကို ပေါ်လွင်စွာ တင်ပြ၍၊ အတောင်းအရမ်းထူသော အာဠဝီပြည်သား ရဟန်းများကြောင့် ရဟန်းသံဃာကို မြင်ရာ၌ လူတို့၏ ထင်မြင်ယူဆချက်တို့ကို ဖော်ပြခဲ့ပါ။

၇။ ကလျာဏဘတ္တိကသူကြွယ်၏ သံဃာအား ပြုစုလုပ်ကျွေးပုံကို ဖော်ပြ၍၊ အရှင်ဒေဝဒတ် တောင်းသော ဝတ္ထု ၅-မျိုးတို့နှင့် စပ်၍ မြတ်စွာဘုရား၏ မိန့်ကြားချက်တို့ကိုလည်း ရေးသားခဲ့ပါ။

၈။ သံဃဘေဒကရဟန်း၏ အာပတ်သင့်ရာကာလ, အာပတ်ငြိမ်းပျောက်ရာကာလတို့ကို တိကျစွာ ဖော်ပြ၍၊ ကျောင်းအမကြီး ဝိသာခါ၏ လောကဂုဏ်ရည်နှင့် အနိယတသိက္ခာပုဒ်လာ 'နိသဇ္ဇံ ကပ္ပေယျ(ထိုင်နေငြားအံ့)'၏ အဓိပ္ပါယ်ကို ရေးသားပါ။

၉။ အခါမဲ့ (အကာလ) သင်္ကန်းဖြစ်ပုံကို ရက်, လတို့ဖြင့် တိကျစွာ ပိုင်းခြားပြ၍၊ ရူပိယသိက္ခာပုဒ်လာ ငွေ ၅-မျိုးကို အစဉ်အတိုင်းဖော်ပြပြီး၊ အကပ်ခံ၍ ခုနစ်ရက်လွန်ပြီးသော သတ္တာဟကာလိကကို အာပတ်မသင့်အောင် သုံးဆောင်နည်းတို့ကို ဖော်ပြပါ။

၁၀။ (က) လူကုန်ကူးသော ရဟန်း။
(ခ) မာတုဂါမ၏ အင်္ဂါကြီးငယ်ကို စူးစူးစိုက်စိုက်ကြည့်သော ရဟန်း။
(ဂ) ပဏ္ဍုက်ကို အောင်သွယ်လုပ်ပေးသော ရဟန်း။
(ဃ) ဆွေမျိုးမတော်သော ဘိက္ခုနီမကို နိသီဒိုင်အခင်း လျှော်ခိုင်းသော ရဟန်း။
(င) စွန့်အပ်သော သပိတ်ကို ပြန်မပေးသော ရဟန်း-တို့အား အာပတ်သင့်/မသင့် စိစစ်ပြ၍၊ အာပတ်သင့်ခဲ့သော် သင့်ရောက်သော အာပတ်အမည်တို့ကို ဖော်ပြခဲ့ပါ။

**တစ်ပုစ္ဆာလျှင် (၁၀)မှတ်စီ**

## ၁၃၈၄၊ ၂၀၂၂ ခုနှစ်
## ပိဋကသုံးပုံပါဠိတော် မြန်မာပြန် စာမေးပွဲ
## အုပ်စု(၁) ပါရာဇိကကဏ္ဍပါဠိတော်မေးခွန်း အဖြေ

--------------------------

၁။ မြတ်ဗုဒ္ဓ၏ လောက၌ အကြီးဆုံး, အမြတ်ဆုံးဖြစ်ပုံကို ဥပမာနှင့်တကွ ဖော်ပြ၍၊ ကာမဂုဏ်နှင့် စပ်၍ မြတ်ဗုဒ္ဓ၏ မိန့်ကြားချက်များကို ပဌမပါရာဇိက သုဒိန္နဘာဏဝါရကို ရှု၍ ရေးသားခဲ့ပါ။

**မြတ်ဗုဒ္ဓ၏ လောက၌ ဇေဋ္ဌသေဋ္ဌဖြစ်ပုံ–**

ပုဏ္ဏား ဥပမာသော်ကား ကြက်မ၌ ရှစ်လုံးသော်လည်းကောင်း၊ ဆယ်လုံးသော်လည်းကောင်း၊ တစ်ဆယ့်နှစ်လုံးသော်လည်းကောင်း ဥတို့သည် ရှိကုန်ရာ၏၊ ထို (ဥ) တို့ကို ကြက်မသည် ကောင်းစွာ ဝပ်အပ်ကုန်၏၊ ထက်ဝန်းကျင်မှ ကောင်းစွာ အငွေ့ ပေးအပ်ကုန်၏၊ ထက်ဝန်းကျင်မှ ကောင်းစွာ (ကြက် နံ့ကို) ထုံစေအပ်ကုန်၏၊ (ကြက်ဥတို့ အတွင်း၌ တည်သော) ထိုကြက်ငယ်အပေါင်းတို့တွင် ခြေသည်းဖျား နှုတ်သီးဖျားဖြင့် ဥခွံကို ရှေးဦးစွာ ဖောက်ခွဲ၍ ချမ်းချမ်းသာသာ ပေါက်ဖွားလာသော ကြက်ငယ်ကို အဘယ်သို့ ဆိုအပ်သနည်း၊ အကြီးဟူ၍ ဆိုအပ်သလော၊ သို့မဟုတ် အငယ်ဟူ၍ ဆိုအပ်သလောဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ အကြီးဟူ၍ ဆိုအပ်ပါသည်၊ ထိုကြက်ငယ် အပေါင်းတို့တွင် (ဥခွံကို ဖောက်ခွဲ၍ ရှေးဦးစွာ ထွက်လာသော) ထို (ကြက်ငယ်) သည် အကြီးဖြစ်ပါ၏ဟု (လျှောက်၏)။ ပုဏ္ဏား ဤအတူပင် အဝိဇ္ဇာ၌ ရောက်သော (အဝိဇ္ဇာ)ဟူသော ဥ၌ ဖြစ်သော (အဝိဇ္ဇာ ဟူသော ဥခွံဖြင့်) ထက်ဝန်းကျင် မြှေးယှက်အပ်သော သတ္တဝါအပေါင်းတွင် အဝိဇ္ဇာဟူသော ဥခွံကို ဖောက်ခွဲ၍ (ငါ) တစ်ဦးတည်း သာလျှင် လောက၌ အတုမဲ့ လွန်မြတ်သော ကိုယ်တိုင် မှန်စွာ သိမြင်သော 'သမ္မာသမ္ဗောဓိ' ဉာဏ်ကို ထိုးထွင်း၍ သိပြီ၊ ပုဏ္ဏား ထိုငါသည်လောကထက် ကြီး၏၊ မြတ်၏။ (ပါ-၄)

**ကာမဂုဏ်နှင့်စပ်၍ မြတ်ဗုဒ္ဓ၏ ဟောကြားချက်များ–**

အချည်းအနှီးဖြစ်သော ယောကျ်ား ငါသည် များစွာသော အကြောင်းဖြင့် ကာမဂုဏ်ပယ်မှုကို ဟောတော်မူသည် မဟုတ်ပါလော၊ ကာမဂုဏ် သညာ (စိတ်) တို့ကို ပိုင်းခြား၍ သိမှုကို ဟောတော်မူသည် မဟုတ်ပါလော၊ ကာမဂုဏ် မွတ်သိပ်ခြင်း ပယ်ဖျောက်မှုကို ဟောတော်မူသည် မဟုတ်ပါလော၊ ကာမဂုဏ်၌ ကြံစည်ခြင်း 'ကာမဝိတက်' ပယ်သတ်မှုကို ဟောတော်မူသည် မဟုတ်ပါလော၊ ကာမဂုဏ် အပူအအိုက်တို့၏ ငြိမ်းအေးမှုကို ဟောတော်မူသည် မဟုတ်ပါလော။ (ပါ-၂၃)

---

၂။ လိင်ပြန်သောရဟန်းတော်များအတွက် မြတ်ဗုဒ္ဓ၏ ခွင့်ပြုချက်များကို တင်ပြကာ၊ အရှင်ဓနိယ ဆောက်လုပ်ထားအပ်သော မြေကုဋီလေး၏ ပုံသဏ္ဍာန်ကို ပေါ်လွင်အောင် ရေးသားဖော်ပြခဲ့ပါ။

**လိင်ပြန်သောရဟန်းတော်များအတွက် မြတ်ဗုဒ္ဓ၏ ခွင့်ပြုချက်များ–**

တစ်ရံရောအခါ ရဟန်းတစ်ပါးအား ဣတ္ထိလိင်'မိန်းမအသွင်သဏ္ဍာန်' ထင်ရှားဖြစ်ပေါ်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏၊ ရဟန်းတို့ ရဟန်းမိန်းမတို့နှင့် ပေါင်းသင်းနေထိုင်ရန်၊ ထို (ယောကျ်ားလက်ထက် ယူသော) ဥပဇ္ဈာယ်ထို (ယောကျ်ားလက်ထက် ခံအပ်သော)ပဉ္စင်းအဖြစ် ထို (ယောကျ်ားလက်ထက်ရေတွက်အပ်သော) နှစ် 'ဝါ' တို့ကိုသာလျှင် ခွင့်ပြုတော်မူ၏၊ ရဟန်း ယောကျ်ားတို့၏ အကြင်အာပတ်တို့သည် ရဟန်းမိန်းမတို့နှင့် သက်ဆိုင်ကုန်၏၊ ထိုအာပတ်တို့ကို ရဟန်းမိန်းမတို့၏အထံ၌ ကုစားခြင်းငှါ ခွင့်ပြုတော်မူ၏၊ ရဟန်းယောကျ်ားတို့၏ အကြင်အာပတ် တို့သည် ရဟန်းမိန်းမတို့နှင့် မသက်ဆိုင်ကုန်၊ ထိုအာပတ်တို့ဖြင့် အာပတ် မသင့်ပေဟု (မိန့်တော်မူ၏)။ (ပါ-၄၃)

**မြေကုဋီလေး၏ ပုံသဏ္ဍာန်–**

ထိုကျောင်းငယ်သည် အလွန်လှပ၏၊ ရှုဖွယ်ကောင်း၏၊ ကြည်နူးဖွယ်ကောင်း၏၊ နီရဲသော အဆင်းရှိ၏၊ သိကြားကွမ်းသွေးကောင် နှင့်တူ၏၊ ထိုကျောင်းငယ်၏ အသံသည် ခြူ ဆည်းလည်းသံနှင့်တူ၏။(ပါ-၅၁)

---

၃။ အမွေဆက်ခံမှုကိစ္စနှင့် ပတ်သက်၍ ဝိနယဓရဇာတဒင်္ဂဘွဲ့ရ အရှင်ဥပါလိမထေရ်၏ ဆုံးဖြတ်ချက်ကို ကျမ်းလာအတိုင်း ဖော်ပြပြီး၊ တတိယပါရာဇိကလာ အမှတ်အသားပြု၍ လူသတ်ခိုင်းရာ၌ အာပတ်သင့်နိုင်ပုံတို့ကို သေချာစွာ ရေးသားဖော်ပြခဲ့ပါ။

၃-အဖြေ

**အရှင်ဥပါလိမထေရ်၏ ဆုံးဖြတ်ချက်–**

"ငါ့သျှင်အာနန္ဒာ ဥစ္စာရှင်က ဤ (ဥစ္စာစု)၏ အခွင့်အရေးကို ဤမည်သောသူအား ပြောပါဟု မှာထားသဖြင့် ထိုသူငယ်အား ပြောရာ ထိုပြောသော ရဟန်းသည် အဘယ်အပြစ် 'အာပတ်' သင့်ပါသနည်း" ဟု (မေးတော်မူ၏)။ အသျှင်ဘုရား အဘယ်အာပတ်မှ မသင့်ပါ၊ အယုတ်သဖြင့် ဒုက္ကဋ်မျှပင် မသင့်ပါဟု (လျှောက်၏)။ ငါ့သျှင်အာနန္ဒာ ဤအသျှင်အဇ္ဈကသည် ဤ (ဥစ္စာစု)၏ အခွင့်အရေးကို ဤမည်သော သူအား ညွှန်ကြားတော်မူပါဟု ဥစ္စာရှင်က မှာထားသဖြင့် ထိုသူငယ်အား ညွှန်ကြား၏၊ ငါ့သျှင်အာနန္ဒာ အသျှင်အဇ္ဈကအား အာပတ် မသင့် 'အပြစ်မရှိ'ဟု (မိန့်ဆို၏)။ (ပါ-၈၅)

**အမှတ်အသားပြု၍ လူသတ်ခိုင်းရာ၌ အာပတ်သင့်နိုင်ပုံ–**

အမှတ်အသားပြုခြင်း မည်သည် "မျက်စိကိုသော်လည်း မှိတ်ပြမည်၊ မျက်ခုံးကိုသော်လည်း ပင့်ပြမည်၊ ဦးခေါင်းကိုသော်လည်း ညိတ်ပြမည်၊ ထိုအမှတ်သားဖြင့် ထိုသူကို သတ်လော့"ဟု ပြောအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ထိုအမှတ်သားဖြင့် ထိုသူကို သတ်အံ့၊ နှစ်ဦးလုံး ပါရာဇိကအာပတ် သင့်၏၊ ထိုအမှတ်သား၏ ရှေ့၌ ဖြစ်စေ နောက်၌ဖြစ်စေ ထိုသူကို သတ်အံ့၊ မူလပြောသော ရဟန်းအား အာပတ်မသင့်၊ သတ်သော ရဟန်းအားသာ ပါရာဇိကအာပတ် သင့်၏။ (ပါ-၉၉)

---

၄။ ဝေသာလီပြည်သား ရဟန်းများ၏ညီညွတ်ရေးနှင့် စားဝတ်နေရေး ပြည့်စုံအောင် ဖန်တီးမှုအခြေအနေ တို့ကို တင်ပြ၍၊ ကုမ္ဘဃောသကပြိတ္တာကြီး၏ ဒုက္ခခံစားနေရပုံနှင့် အတိတ်ကံတို့ကို ပေါ်လွင်အောင် ရေးသားပါ။

၄-အဖြေ

**ညီညွတ်ရေးနှင့် စားဝတ်နေရေးပြည့်စုံအောင် ဖန်တီးမှုအခြေနေ–**

ငါ့သျှင်တို့ ယခုငါတို့ သည် လူတို့အား အချင်းချင်း၏ လူတို့ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သောဈာန် မဂ်ဖိုလ် တရား၏ ဂုဏ်ကျေးဇူးကို ပြောဆိုကုန်အံ့၊

'ဤအမည်ရှိသော ရဟန်းသည် ပဌမဈာန်ကိုရ၏၊ ဤ အမည်ရှိသော ရဟန်းသည် ဒုတိယဈာန်ကို ရ၏၊

အမည်ရှိသော ရဟန်းသည် တတိယဈာန်ကို ရ၏၊ ဤအမည်ရှိသော ရဟန်းသည် စတုတ္ထဈာန်ကို ရ၏၊

ဤအမည်ရှိသော ရဟန်းသည် သောတာပန်တည်း၊ ဤအမည်ရှိသော ရဟန်းသည် သကဒါဂါမ်တည်း၊

ဤအမည်ရှိသော ရဟန်းသည် အနာဂါမ်တည်း၊ ဤအမည်ရှိသော ရဟန်းသည် ရဟန္တာတည်း၊

ဤအမည်ရှိသော ရဟန်းသည် ဝိဇ္ဇာသုံးပါးကို ရ၏၊ ဤ အမည်ရှိသော ရဟန်းသည် အဘိညာဏ် ခြောက်ပါးကို ရ၏' ဟု ပြောဆိုကုန်အံ့၊ ဤသို့ ပြောဆိုကြလျှင် ထိုလူတို့သည် ငါတို့အား ပေးလှူသင့်သည်ဟု မှတ်ထင်ကြ ပေလိမ့်မည်၊ ဤသို့ လှူဒါန်းကြလျှင် ငါတို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံကြရဘဲ ချမ်းသာစွာ ဝါကပ်ကြရ ပေလိမ့်မည်၊ ဆွမ်းအတွက်လည်း မပင်ပန်းဘဲရှိကြရပေလိမ့်မည်"ဟု ပြောဆိုကြကုန်၏။ ငါ့သျှင်တို့ လူတို့အား အချင်းချင်း၏လူတို့ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ် တရား၏ ဂုဏ်ကျေးဇူးကိုပြောခြင်းသည်သာလျှင် မြတ်၏ဟု သဘော တူညီကြလေ၏။ (ပါ-၁၁၃)

**ကုမ္ဘဃောသကပြိတ္တာကြီး၏ ဒုက္ခခံစားနေရပုံနှင့် အတိတ်ကံ–**

ငါ့သျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားသော အိုးပမာဏဥ‌ေးစေ့ရှိသော ယောက်ျားကို မြင်ရ၏၊ ထိုယောက်ျားသည် သွားသော်လည်း ထိုဥ‌ေးစေ့တို့ကိုသာလျှင် ပုခုံး၌ တင်၍ သွားရ၏၊ ထိုင်သော်လည်း ထိုဥ‌ေးစေ့တို့၌သာလျှင် ထိုင်ရ၏၊ ထိုယောက်ျားကို လင်းတ ကျီးငှက် စွန်ရဲတို့သည် လိုက်၍ လိုက်၍ ထိုးဆိတ်ကုန်၏၊ ဆိတ်ဆွဲ ဖောက်ခွဲကုန်၏၊ ထို ယောက်ျားသည် နာကျင်သော အသံကို ပြု၏။ပ။ ရဟန်းတို့ ထိုသတ္တဝါသည် ဤရာဇဂြိုဟ်မြို့၌ပင် ကောက်ကျစ် စဉ်းလဲသော ကျေးရွာလူကြီး ဖြစ်ခဲ့ဖူးလေပြီ။ (ပါ- ၁၄၆)

၅။ ကာယသံသဂ္ဂ, ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်တို့အလို မာတုဂါမ-အရ မတူထူးခြားချက်ကို ဖော်ပြ၍၊ သီလရှိသူ, ကောင်းသောတရားရှိသူ, မြတ်သောအကျင့်ကို ကျင့်လေ့ရှိသူ-ဟူသည် အဘယ်နည်း? ပဒဘာဇနီအလို ကျ ရေးသားခဲ့ပါ။

၅-အဖြေ

**ကာယသံသဂ္ဂသိက္ခာပုဒ်လာ မာတုဂါမမည်သည်**

လူမိန်းမတည်း၊ ဘီလူး (နတ်) မ မဟုတ်၊ ပြိတ္တာမ မဟုတ်၊ တိရစ္ဆာန်မ မဟုတ်၊ အယုတ်ဆုံးအားဖြင့် ယနေ့မွေးဖွားသော သူငယ်မတည်း၊ အရွယ်ကြီးသော မိန်းမ၌ ဆိုဖွယ်ရာ မရှိသည်သာတည်း။

**ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်လာ မာတုကာမမည်သည်**

လူမိန်းမတည်း၊ ဘီလူး (နတ်) မ မဟုတ်၊ ပြိတ္တာမ မဟုတ်၊ တိရစ္ဆာန်မ မဟုတ်၊ ကောင်း မကောင်း, ရှုန့်ရင်း မရှုန့်ရင်းသော စကားကို သိနားလည်နိုင်စွမ်းသော မိန်းမတည်း။ (ပါ-၁၇၄/၁၈၈)

**အကျင့်သီလ ရှိသောဟူသည်**

သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော၊ မပေးသော ဥစ္စာကို ယူခြင်းမှ ရှောင်ကြဉ်သော၊ အမှား ပြောခြင်းမှ ရှောင်ကြဉ်သူ။ (သီလဝန္တ)

မြတ်သော အကျင့်ကို ကျင့်လေ့ရှိသောဟူသည် မေထုန်အကျင့်မှ ရှောင်ကြဉ်သူ။ (ဗြဟ္မစာရီ)

ကောင်းသော တရားရှိသော မည်သည် ထိုအကျင့်သီလအားဖြင့်လည်းကောင်း၊ ထိုမြတ်သော အကျင့်အားဖြင့် လည်းကောင်း ကောင်းသောတရားရှိသူ။ (ကလျာဏဓမ္မ) (ပါ-၁၉၄)

---

၆။ အရှက်မဲ့သူ မိန်းမများ၏ အရှက်ကင်းမဲ့စွာ အရှင်ဥဒါယီအပေါ် ပြောဆိုဆက်ဆံပုံကို ပေါ်လွင်စွာ တင်ပြ၍၊ အတောင်းအရမ်းထူသော အာဠဝီပြည်သား ရဟန်းများကြောင့် ရဟန်းသံဃာ မြင်ရာ၌ လူတို့၏ ထင်မြင်ယူဆချက်တို့ကို ဖော်ပြခဲ့ပါ။

၆-အဖြေ

**အရှက်ကင်းမဲ့စွာ အရှင်ဥဒါယီအပေါ်ပြောဆိုဆက်ဆံပုံ–**

အကြင် မိန်းမတို့သည်ကြောက်လန့်ခြင်း 'ဩတ္တပ္ပ'မှ ကင်းကုန်၏၊ စဉ်းလဲသော သဘော ရှိကြကုန်၏၊ အရှက်မှ ကင်းကုန်၏၊ ထိုမိန်းမတို့သည် အသျှင်ဥဒါယီနှင့် အတူ ပြုံးလည်း ပြုံး ကုန်၏၊ မြှောက်ပင့်၍လည်း ပြောဆိုကုန်၏၊ ပြင်းစွာလည်း ရယ်မောကုန်၏၊ ပြောင်လှောင်လည်း ပြောင် လှောင်ကုန်၏။ (ပါ-၁၈၇)

**ရဟန်းသံဃာမြင်လျှင် လူတို့၏ ထင်မြင်ယူဆချက်–**

လူတို့သည် တောင်းခြင်းဖြင့် နှိပ်စက်အပ်ကုန်သည် ဖြစ်၍ အရိပ်နိမိတ် ပြခြင်းဖြင့် နှိပ်စက်အပ် ကုန်သည်ဖြစ်၍ ရဟန်းတို့ကိုမြင်လျှင် ထိတ်လည်းထိတ်ကြကုန်၏၊ လန့်လည်းလန့်ကြကုန်၏၊ ပြေးလည်းပြေးကြကုန်၏၊ ရှောင်ဖယ်၍လည်း သွားကြကုန်၏၊ မျက်နှာလွှဲ၍ လည်းနေကြ ကုန်၏၊ တံခါးကို လည်းပိတ်ကြ ကုန်၏၊ နွားတို့ကိုသော်လည်း မြင်လျှင် ရဟန်းဟု ထင်မှတ်၍ ပြေးကြကုန်၏။ (ပါ-၂၁၈)

---

၇။ ကလျာဏဘတ္တိကသူကြွယ်၏ သံဃာအား ပြုစုလုပ်ကျွေးပုံကို ဖော်ပြ၍၊ အရှင်ဒေဝဒတ် တောင်းသော ဝတ္ထု ၅-မျိုးတို့နှင့် စပ်၍ မြတ်စွာဘုရား၏ မိန့်ကြားချက်တို့ကိုလည်း ရေးသားခဲ့ပါ။

၇-အဖြေ

**ကလျာဏဘတ္တိကသူကြွယ်၏ သံဃာအားပြုစုလုပ်ကျွေးပုံ–**

ထိုအခါ ကလျာဏဘတ္တိက ဒါယကာသည် သံဃာအား စတုက္ကဘတ်ကို နိစ္စဘတ် လှူ၏၊ ထို ဒါယကာသည် ဆွမ်းစားဇရပ်၌ သားမယားနှင့်တကွ အနီး၌ ရပ်တည်၍ လုပ်ကျွေး၏၊ အချို့ရဟန်းတို့ကို ဆွမ်းဖြင့် မေးကုန်၏၊ အချို့ ရဟန်းတို့ကို ဟင်းလျာဖြင့် မေးကုန်၏၊ အချို့ ရဟန်းတို့ကို ဆီဖြင့် မေးကုန်၏၊ အချို့ ရဟန်းတို့ကို လက်သုပ်ဟင်းလျာဖြင့် မေးကုန်၏။ (ပါ- ၂၄၆)

**ဝတ္ထု ၅–မျိုးတို့နှင့်စပ်၍ မြတ်စွာဘုရား၏ မိန့်ကြားချက်–**

ဒေဝဒတ် မသင့်လျော်ပေ၊ အကြင်ရဟန်းသည် အလိုရှိအံ့၊ (ထိုရဟန်းသည်) တောကျောင်းနေ ဖြစ်စေ၊ အကြင်ရဟန်းသည် အလိုရှိအံ့၊ (ထိုရဟန်းသည်) ရွာကျောင်းနေ ဖြစ်စေ။ အကြင်ရဟန်းသည် အလိုရှိအံ့၊ (ထိုရဟန်းသည်) ပိဏ္ဍပါတ်ဓုတင်ဆောင် ဖြစ်စေ၊ အကြင်ရဟန်းသည် အလိုရှိအံ့၊ (ထိုရဟန်းသည်) နိမန္တနဘတ်ကို လက်ခံစေ။ အကြင်ရဟန်းသည် အလိုရှိအံ့၊ (ထိုရဟန်းသည်) ပံသုကူ ဓုတင်ဆောင် ဖြစ်စေ၊အကြင်ရဟန်းသည် အလိုရှိအံ့၊ ထိုရဟန်းသည် လူဒါယကာတို့ လှူသော သင်္ကန်းကိုလက်ခံစေ။ ဒေဝဒတ် ငါသည် ရှစ်လတို့ပတ်လုံး သစ်ပင်ရင်း အိပ်ရာ နေရာကို ခွင့်ပြုအပ်ပြီ။ မမြင်အပ်မကြားအပ် မရွံ့ရှာ 'မယုံမှား' အပ်သော အစွန်းသုံးပါးမှ စင်ကြယ်သော ငါးအမဲကို ခွင့်ပြုအပ်ပြီ ဟု (မိန့်တော်မူ၏)။ (ပါ-၂၆၄)

---

၈။ သံဃဘေဒကရဟန်း၏ အာပတ်သင့်ရာကာလ, အာပတ်ငြိမ်းပျောက်ရာကာလတို့ကို တိကျစွာ ဖော်ပြ၍၊ ကျောင်းအမကြီး ဝိသာခါ၏ လောကဂုဏ်ရည်နှင့် အနိယတသိက္ခာပုဒ်လာ 'နိသဇ္ဇ ကပ္ပေယျ (ထိုင်နေ ငြားအံ)'၏ အဓိပ္ပါယ်ကို ရေးသားပါ။

၈-အဖြေ

**သံဃဘေဒကရဟန်း၏ အာပတ်သင့်ရာကာလ၊ အာပတ်ငြိမ်းပျောက်ရာကာလ–**

ဉတ်၏ အဆုံး၌ ဒုက္ကဋ်အာပတ် သင့်၏၊ ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စည်း အာပတ်သင့်၏၊ ကမ္မဝါစာ၏ အဆုံး၌ သံဃာဒိသိသ်အာပတ် သင့်၏၊ သံဃာဒိသိသ်သို့ ရောက်ကုန်သော ရဟန်းတို့အား ဉတ်၏ အဆုံး၌ ဒုက္ကဋ်၊ ကမ္မဝါစာနှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စည်းတို့သည် ငြိမ်းကုန်၏။ (ပါ-၂၆၇)

**ဝိသာခါ၏ လောကဂုဏ်ရည်–**

ထိုအခါ မိဂါရမာတာမည်သော ဝိသာခါသည် များသော သားသမီးရှိ၏၊ များသောမြေးမြစ်ရှိ၏၊ရောဂါကင်းသော သားသမီးရှိ၏၊ ရောဂါကင်းသော မြေးရှိ၏၊ အလွန်မင်္ဂလာရှိသော မိန်းမဟု သမုတ်အပ်၏၊ လူတို့သည် ယဇ်ပွဲ ပျော်ပွဲ အခါပွဲတို့၌ မိဂရမာတာမည်သော ဝိသာခါကို ရှေးဦးစွာ ကျွေးမွေးကြကုန်၏၊ ထိုအခါ မိဂါရမာတာမည်သော ဝိသာခါသည် ဖိတ်အပ်သည်ဖြစ်၍ ထိုအမျိုးအိမ်သို့ သွား၏။ (ပါ- ၂၈၅)

**နိသဇ္ဇ ကပ္ပေယျ အဓိပ္ပါယ်–**

ထိုင်နေငြားအံ့ဟူသည် မာတုဂါမသည် ထိုင်လတ်သော် ရဟန်းသည် ကပ်၍သော်လည်း ထိုင်၏၊ ကပ်၍သော်လည်း အိပ်၏၊ ရဟန်းသည် ထိုင်လတ်သော် မာတုဂါမသည် ကပ်၍သော်လည်း ထိုင်၏၊ ကပ်၍သော်လည်း အိပ်၏၊ နှစ်ယောက်လုံးသော်လည်း ထိုင်ကြကုန်၏၊ နှစ်ယောက်လုံး သော်လည်း အိပ်ကြ ကုန်၏။ (ပါ-၂၈၇)

---

၉။ အခါမဲ့ (အကာလ) သက်န်းဖြစ်ပုံကို ရက်, လတို့ဖြင့် တိကျစွာ ပိုင်းခြားပြ၍၊ ရူပိယသိက္ခာပုဒ်လာ ငွေ ၅-မျိုးကို အစဉ်အတိုင်းဖော်ပြပြီး၊ အကပ်ခံ၍ ခုနစ်ရက်လွန်ပြီးသော သတ္တာဟကာလိကကို အာပတ်မသင့်အောင် သုံးဆောင်နည်းတို့ကို ဖော်ပြပါ။

၉-အဖြေ

**အကာလသင်္ကန်း ဖြစ်ပုံ ရက်, လ–**

အခါမဲ့သင်္ကန်း မည်သည် ကထိန်မခင်းလျှင် တစ်ဆယ့်တစ်လအတွင်း၌ ဖြစ်ပေါ်သောသင်္ကန်းတည်း၊ ကထိန်ခင်းလျှင် ခုနစ်လအတွင်း၌ ဖြစ်ပေါ်သော သင်္ကန်းတည်း၊ သင်္ကန်းအခါ၌သော်လည်း ရည်ညွှန်း၍လှူအပ်သော သင်္ကန်းတည်း၊ ဤ (ဆိုအပ်ပြီး) သည်ကား အခါမဲ့သင်္ကန်းမည်၏။ (ပါ- ၃၀၄)

**ရူပိယသိက္ခာပုဒ်လာ ငွေ ၅–မျိုး– ငွေမည်သည်**

အသပြာ ကြေးပိုက်ဆံ သစ်သားပိုက်ဆံ ချိပ်ပိုက်ဆံ အရောင်းအဝယ် ဖြစ်နိုင်သမျှ ဝတ္ထုတည်း။ (ပါ- ၃၄၅

**သတ္တာဟကာလိကကို အာပတ်မသင့်အောင် သုံးဆောင်နည်း–**

ဆီမီး၌သော် လည်းကောင်း၊ မင်၌သော်လည်းကောင်း ထည့်ရမည်၊ အခြားရဟန်းသည် ကိုယ်နှင့် စပ်သော သုံးဆောင်ခြင်းဖြင့် သုံးဆောင်ရမည်။ (ပါ-၃၆၄)

---

၁၀။ (က) လူကုန်ကူးသော ရဟန်း။

(ခ) မာတုဂါမ၏ အင်္ဂါကြီးငယ်ကို စူးစူးစိုက်စိုက်ကြည့်သော ရဟန်း။

(ဂ) ပဏ္ဍုက်ကို အောင်သွယ်လုပ်ပေးသော ရဟန်း။

(ဃ) ဆွေမျိုးမတော်သော ဘိက္ခုနီမကို နိသီဒိုင်အခင်း လျှော်ခိုင်းသော ရဟန်း။

(င) စွန့်အပ်သော သပိတ်ကို ပြန်မပေးသော ရဟန်း-တို့အား အာပတ်သင့်/မသင့် စိစစ်ပြ၍၊ အာပတ်သင့်ခဲ့သော် သင့်ရောက်သော အာပတ်အမည်တို့ကို ဖော်ပြခဲ့ပါ။

၁၀-အဖြေ

(က) လူကုန်ကူးသော ရဟန်း။ အာပတ်သင့်ပါသည်။ ပါရာဇိကအာပတ်သင့်ပါသည်။

(ခ) မာတုကာမ၏ အင်္ဂါကြီးငယ်ကို စူးစူးစိုက်စိုက်ကြည့်သော ရဟန်း- အာပတ်သင့်ပါသည်။ ဒုက္ကဋ်အာပတ်သင့်ပါသည်။

(ဂ) ပဏ္ဍုတ်ကို အောင်သွယ်လုပ်ပေးသော ရဟန်း- အာပတ်သင့်ပါသည်။ ထုလ္လစ္စည်းအာပတ်သင့်ပါသည်။


(ဃ) ဆွေမျိုးမတော်သော ဘိက္ခုနီမကို နိသီဒိုင်အခင်း လျှော်ခိုင်းသော ရဟန်း- အာပတ်သင့်ပါသည်။ ဒုက္ကဋ်အာပတ်သင့်ပါသည်။

(င) စွန့်အပ်သော သပိတ်ကို ပြန်မပေးသော ရဟန်း- အာပတ်သင့်ပါသည်။ ဒုက္ကဋ်အာပတ်သင့်ပါသည်။

---

**ပါရာဇိကဏ်ပါဠိတော် မြန်မာပြန်အဖြေများ**

**ပြီးပြီ။**


စာချစာသင် အလုပ်ခွင်ဝယ်၊
နေ့စဉ်မွေ့လျော် များသူတော်တို့၊
ရှင်ပျော်လို့လ သဒ္ဓါကြွ၍၊
ဉာဏစင်ဖြူ သင်ချမှုကား၊
ထိုသူစီးပွား သုတများသဖြင့်၊
စဉ်းစားဉာဏ်ကြွယ် အမြင်ကျယ်၏။
မကွယ်စေကာ ကိလေသာလည်း၊
သူငါရှုန့်ကြွမ်း ဖြစ်စတမ်းသို့၊
ပရမ်းပတာ ဖြစ်မလာဘဲ၊
ဣဿာမစ္ဆေရ မထကြွဘူး။
ရာဂဒေါသော မာနမောတို့
အပြောမကျယ် သေးသေးငယ်မှ၊
စ၍ပဟာန် တဒင်္ဂန်နှင့်၊
ဝိက္ခမ္ဘန ပယ်နိုင်ကြသည်၊
သင်ချအကျိုး စာတန်ခိုး။
( အမရပူရ မဟာဂန္ဓာရုံဆရာတော် )